စိတ်ကူးချိုချိုအနုပညာ

ဝင်းမြင့်

# ကလယ်ရီနိုက်သမား အာကာစခြင်းများ



mgyoe.com

ဝိုမျိုး

ကာလဖိုဂွိုက်သစ်သား

ဒုက်ဝေဆံးမှုး

~

ISBN9789997116789

POEM52

9 789997 116789

2,200.00KS

mgyoe.com

mgyoe.com

ကလယ်ရိနက်သမား အက်ဆေးများ၊ နေမျိုး
မျက်နှာဖုံးနှင့် အတွင်းပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၄၈ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ကလယ်ရိနက်သမား အက်ဆေးများ

## နေမျိုး

ပထမအကြိမ်၊ ၂၀၁၄

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | လူဝင်စားနဲ့ ကဗျာဆရာ | ၁ |
| ၂။ | သူငယ်တိတ်ဆိတ်ချိန် | ၄ |
| ၃။ | ညဦးယံတေးသမား | ၆ |
| ၄။ | ညစောင့် | ၉ |
| ၅။ | မင်းအိုး၊ ဖောင်တိန်၊ စာရွက် | ၁၁ |
| ၆။ | ညဦးဦးယံ | ၁၆ |
| ၇။ | သန်းခေါင်ယံ | ၁၈ |
| ၈။ | ညဦးလယ်ယံ | ၂၀ |
| ၉။ | မဝင်းမေ ပေါ့ထရိတ် | ၂၂ |
| ၁၀။ | စိတ်ကူးသက်သက် ဂန္ဓာရီလှည့်လည်ခြင်း | ၂၅ |
| ၁၁။ | ခြေဦးတည့်ရာ | ၂၉ |
| ၁၂။ | ပန်းချီဆရာ | ၃၁ |
| ၁၃။ | စာပြင်အယ်ဒီတာ | ၃၃ |
| ၁၄။ | ဝင်ငွေ (သို့) လက်လှမ်းမမီသောအကြောင်းအရာများ | ၃၆ |
| ၁၅။ | သတိရလို့ ရေးတဲ့စာ | ၃၈ |
| ၁၆။ | ခွေးကလေး | ၄၃ |
| ၁၇။ | အခြားသောအရေးအသား (၁) | ၄၆ |
| ၁၈။ | အခြားသောအရေးအသား (၂) | ၄၉ |
| ၁၉။ | အခြားသောအရေးအသား (၃) | ၅၁ |


mgyoe.com

mgyoe.com


၂၀။ ဦးလေး၏ အိပ်မက် ၅၃
၂၁။ အရေးအသားများ ၅၅
၂၂။ မီးခြစ်ဆံကလေးတစ်ချောင်း ၆၁
၂၃။ လူသူမသိအတ္တုပ္ပတ္တိ ၆၃
၂၄။ အဘိုးကြီးနဲ့ အမယ်ကြီး ၆၅
၂၅။ ကဗျာဆရာ မောင်မရေး ၆၈
၂၆။ စက်စဲကိုရောက်တော့ မင်းအိပ်ပျော်နေတုန်း ၇၁
၂၇။ ညမိုးစဲချိန် ၇၃
၂၈။ မင်းကိုမုန်းတယ် ၇၅
၂၉။ သို့ /
လူကလေးမောင်နေမျိုး ၇၇
၃၀။ စာရေးခြင်း ၇၉
၃၁။ ကလယ်ရိနက်သမား ၈၂
၃၂။ တိုက်ကြက် ၈၅
၃၃။ ဖုန်မှုန့်ကလေး ၈၈
၃၄။ သင်္ချိုင်းလက်မှတ် ၉၀
၃၅။ ကျောက်တုံးကြီး တစ်ခုရှိ၏ ၉၃
၃၆။ စက္ကူထဲမှာ လဲလျောင်းနေသူ ၉၅
၃၇။ ပျော်သလားကွဲ့ ၉၇
၃၈။ လင်းခါးအတွက် သတင်းစကားဆိုခြင်း
(အမှာစာမှ ကောက်နုတ်ဖော်ပြချက်) ၉၉
၃၉။ ဂွတ်နိုက်ပါ အဖေ ၁၀၁
၄၀။ အပိုင်းအစ ၃ ခု ၁၀၄
၄၁။ ခရုပန်းချီကားများကို ကြည့်ရှုခြင်း ၁၀၆
၄၂။ မိမိ သီအိုရီကိုလက်မခံတာ ကြောက်စရာမဟုတ်ပါ ၁၁၀
၄၃။ လွမ်းတယ်လို့ ပြောထားတယ်နော် ၁၁၈
၄၄။ ခံတက်ပင် ၁၂၀
၄၅။ ကဗျာအကြောင်း နည်းနည်းပါးပါး ၁၂၂


mgyoe.com

mgyoe.com


၄၆။ ကဗျာအကြောင်း တစ်ခွန်းစ နှစ်ခွန်းစ ၁၂၅

၄၇။ ငပေါ်ရဲ့ မှတ်ဉာဏ် ၁၂၇

၄၈။ ငါးဖမ်းအသွား ၁၃၁

၄၉။ စာအုပ်ဖတ်သူ ၁၃၃

၅၀။ ကော့တေးတစ်ခွက် ၁၃၄

၅၁။ စားကျက် ၁၃၅

၅၂။ လက်ရေးမူ ၁၃၇

၅၃။ ဟောမန္တပုံကြမ်း ၁၃၉

၅၄။ မောင်ကံဆိုး ၁၄၁

၅၅။ ဖုန်မှုန့်တွေ ၁၄၄


❒

mgyoe.com

mgyoe.com
mgyoe.com


mgyoe.com

# လှူဝင်စားနဲ့ ကဗျာဆရာ

လူဝင်စားတွေဟာ တစ်ခါတလေ မိုးအုံ့တဲ့ရက်တွေမှာ သူတို့ ဘယ်ဘဝက လာခဲ့ကြတယ်ဆိုတာ ပြောပြနိုင်ကြသလို ကဗျာဆရာတွေဟာ သူတို့ ဘယ်လိုခေတ်စနစ်တွေ ဖြတ်သန်းလာကြတယ်ဆိုတာ တစ်ခါတလေ နေ့ရက်တွေမှာ ပြောပြနိုင်ကြတယ်။ နွေဖြစ်ပါစေ၊ မိုးဖြစ်ပါစေ၊ ဆောင်းဖြစ်ပါစေ ကဗျာဆရာ ဖြတ်သန်းရင်မြေကြီးထဲက တီးတိုးသံတွေထွက်လာသလို၊ မိုးကောင်းကင်ထဲက ဟာစ်အော်ထစ်ချုန်းသံတွေ ကြားရသလို၊ လဟာပြင်ရဲ့ ကြီးမားတဲ့တိတ်ဆိတ်မှုကိုတွေ့ရသလို သူတို့ အရမ်းနာကျင်နေကြပါပြီ။

ခေတ်ကြီးဟာ အသက်ကိုဖြည်းဖြည်းချင်းရှူလို့၊ နေကောင်းရဲ့လားလို့ မေးလာသူကို မဆိုးပါဘူးလို့ ပြန်ဖြေနေရဲ့။ အခုကျွန်တော် ဖတ်ရှုကြည့်နေတဲ့ 'သတ်ပုံမမှားစေနဲ့' ကဗျာစာအုပ်ထဲမှာ ကျွန်တော့်ကို လက်ညှိုးထိုးပြောနေသလို ခံစားရစေတဲ့ကဗျာတွေ၊ ကျွန်တော့်ကို ငါနဲ့အနေသာကြီးပဲလို့ မပြောနိုင်အောင် ရှော့(ခ်)ရသွားစေတဲ့ကဗျာတွေ၊ တစ်ခုခုကို စဉ်းစားမိရင် မှားယွင်းသွားနိုင်ပြီး ဘာမှမစဉ်းစားဘဲနေရင် မမှန်မကန်ဖြစ်ရပ်တစ်ခုပမာ နည်းနည်းပါးပါးနားနားပြီး စဉ်းစားကြည့်ပြန်တော့ အမှန်ကိုလွယ်လွယ်နဲ့ မသိနိုင်ပြန်ဘူးလို့ ရင်ခုန်ရစေမယ့်ကဗျာတွေကို အဆင်သင့်ထုတ်လုပ်ထားကြောင်း တွေ့ရပါတယ်။ အဂ္ဂမိုး၊ အလင်းရောင် (မြို့သာ)၊ ဇင်မင်း (မြို့သာ)၊ မြင့်စည်သူ (မြိုင်)၊ နန္ဒမန်းကြယ် (တွင်းငယ်)၊ ဟိဏ်းဦးဆည် (တန့်ဆည်မြေ)၊ ဉာဏကျော်၊ သျှိုင်းမေရီသုန် (ဧရာဝတီ) ရယ်လို့ အမည်နာမရှိသူတွေ၊ ကဗျာရေးသားခြင်းကို ပြုလုပ်သူတွေဟာ စစ်ကြီးဖြစ်ပွားပြီးသွားတော့

mgyoe.com



mgyoe.com

mgyoe.com


အိပ်မက်မြင်သူ အဘိုးအိုဟာ နိုးလာပြီး သူ့အိပ်မက်ဆန်းတွေကို သူတို့အားလုံးကို ပြောကြားရစ်ခဲ့သည့်အလား။ သူတို့ဟာ ကဗျာရေးသူတွေပါပဲ။ သူတို့ဟာ ကဗျာဆရာတွေပါပဲ။ သူတို့အရေးအသားတွေဟာ ကဗျာတွေပါပဲ။ ကဗျာအဖြစ်ကြိုးပမ်းမှုတွေပါပဲ။

အဘိုးအိုက ဘယ်မှာလဲ။ အဘိုးအိုကဘာလဲ။ အဘိုးအိုက တကယ်ပဲ အိပ်စက် အိပ်မက်တွေမက်ခဲ့တာလား။ အဘိုးအိုဟာ စစ်ကြီးထဲမှာ ဘာကြောင့် အိပ်စက်နေနိုင်တာလဲ။ အဘိုးအိုဟာ ဝစနာလင်္ကာရ ပုံဆောင်ပြောပြမှုတစ်ခုမျှသာလား။ အဘိုးအိုဟာ သမိုင်းခေတ်အဆက်ဆက်ရဲ့ အတွေ့အကြုံတွေကိုရည်ညွှန်းတာလား။ အဘိုးအိုဟာ အကျပ်အတည်းကာလရဲ့ မျှော်လင့်ချက်လား။ အဘိုးအိုဟာအမတလား။ သတ်ပုံမမှားစေနဲ့လို့ ကဗျာဆရာတွေကပြောနေပါတယ်။ အဘိုးအိုရဲ့ စကားတစ်ခွန်းလို့ နားလည်လိုက်ချင်ပါတော့တယ်။ အားလပ်သောနေ့ရက်တစ်ခုမှာ ကဗျာစာအုပ်တစ်အုပ်ကိုဖတ်ကြည့်ပြီး ဒီလိုရေးခဲ့မိတာပါ။

၇.၉.၂၀၁၈

❐

mgyoe.com

mgyoe.com

# သူငယ်တိတ်ဆိတ်ချိန်

သူငယ်တိတ်ဆိတ်ချိန်ရောက်ပြီ။ အမိသည် သူငယ်ကိုပြောပြခဲ့ရာ ပုံပြင်မှာလည်း ပြီးဆုံးခဲ့ပြီ။ ငှက်ကြီးလည်း ပျံသန်းသွားခဲ့ပြီ။ မထွေးလည်း ဇနပုဒ်တစ်ခုမှ တဲအိမ်ကလေးထဲကို ရောက်ပြီ။ မင်းသားလေးက နန်းတော်ထဲသို့ပြန်သွားပြီ။ အထက်ဝဠာမိုးကောင်းကင်ထဲမှ ကြယ်မှုန်မှုန်ကလေးများက သူငယ်၏တိတ်ဆိတ်မှုကို နားစွင့်နေကြဟန်တကား။ သူငယ်သည် အမိရင်ခွင်ထဲမှ အိပ်ရာထက်သို့ ရောက်ခဲ့ပြီ။ နတ်သူငယ်သည် သူငယ်ကို ချော့မြူနေဟန်တကား။ သူငယ်သည် အိပ်စက်လျက်ပြုံးရယ်နေချေ၏။ နတ်သူငယ်သည် သူငယ်ကိုချော့သိပ်နေဟန်တကား။ သူငယ်သည် တိတ်ဆိတ်လျက် အိပ်စက်ချေပြီ။ အမိသည် ဖျင်ချည်မျှင်ဖြင့် ရက်လုပ်ထားအပ်သော စောင်ပါးလွှာအား သူငယ်ကိုခြုံပေးလေ၏။ သူငယ်တိတ်ဆိတ်ချိန်ပါတကား။ ညဥ့်ယံထဲ၌ နွားအိုကြီးနှစ်ကောင်သည် တင်းကုပ်ထဲ၌ စားမြုံ့ပြန်နေကြ၏။ လေအဝှေ့၌ ကောက်ရိုးနံ့ကိုရ၏။ နွားအိုကြီးနှစ်ကောင်၏အမြီးသည် လှုပ်ယမ်း၏။ မှက်ခြင်တို့ကို မကပ်နိုင်ရန် နှင်သည်သို့တည်း။ မြင်းဇောင်းထဲမှ မြင်းဟီသံထွက်ပေါ်လာသည်။ ည၏တိတ်ဆိတ်မှုထဲ၌ မြင်းဟီသံသည် လောကကိုလှုပ်နှိုး၏။ အသို့နည်း။ သူငယ်က တိတ်ဆိတ်အိပ်ပျော်နေလျက် ပင်တကား။ ချောင်းရေသည် ညင်သာစွာ လူးလွန့်စီးဆင်း၏။ ကမ်းစပ်၌ ငုတ်ကိုကြိုးဆွဲထားသောလှေသည် တငြိမ့်ငြိမ့်လှုပ်၏။ စားမြုံ့ပြန်နေသော နွားအိုကြီးနှစ်ကောင်သည် သွားရည်များယိုစီးကျလျက်။ ဆိတ်ဖလူးပန်းရနံ့သည် လေအဝှေ့တွင်ပျံ့နှံ့လေ၏။ ညဥ့်ယံသည် မွေးမြနေဘိ၏။

mgyoe.com

mgyoe.com


ကောက်ရိုးနဲ့ကလည်း နွားတင်းကုပ်ဆီမှ ကြိုင်လှောက်လာတတ်၏။ နတ်သူငယ်သည် သူငယ်၏ကိုယ်အထက်ဝန်းဖွဲ့၍တည်၏။ သူငယ်ကို စောင့်ကြပ်နေဟန်တကား။ သူငယ်ကား တိတ်ဆိတ်ပြီ။ အိပ်စက်ပြီ။ အမိသည် ပဲကိုရေစိမ်၏။ အမိသည် သစ်သီးကိုဆေးကြော၏။ အမိသည် ဆန်ကိုချင့်၍ အိုးငယ်အတွင်းသို့ထည့်၏။ အမိသည် မေတ္တာသုတ်ကိုရွတ်၏။ အိမ်ရှေ့ထောင့်မှ သစ်ပင်သည် သစ်ရွက်တို့လှုပ်၏။ နွားတင်းကုပ်မှ ကောက်ရိုးနံ့သည် လွင့်ပျံ၍အထက်သို့တက်၏။ အထက်ဝဠာမိုးကောင်းကင်ထဲမှ ကြယ်မှုန်ကြယ်မွှားကလေးများသည် သူငယ်၏တိတ်ဆိတ်ခြင်းကို ကြားသိရဘိအလား တဖျပ်ဖျပ်ပြုံးရယ်ကြ၏။ မြေသားအပြင်သည် ငြိမ်သက်၏။ အမိသည် မေတ္တာသုတ်ကို ရွတ်ဖတ်၍ပြီးလေပြီ။ ညဥ့်လေပြည်သည် ချောင်းအတိုင်းစုန်လျက် တသုန်သုန်ဆင်းသက်၏။ ငုတ်ဥ္စကြိုးဆိုင်းထားသောလှေမှာ ချောင်းရေထဲ၌ တငြိမ့်ငြိမ့်လှုပ်လျက်ပင်။ မိုးသားတိမ်တိုက်တို့သည် ဖဲကြဉ်ကြကုန်၏။ လစန္ဒာကို ပကတိမြင်တွေ့ခွင့် ပြုချိန်ပါတကား။ အမိသည် အိပ်ရာသို့ဝင်၏။ နဖူးထက်သို့ ယာဘက်လက်ကိုတင်ကာ ငြိမ်သက်လေ၏။ သူငယ်တိတ်ဆိတ်ချိန်ပါတကား။

**၄.၁၀.၂၀၁၈**

❑

mgyoe.com

mgyoe.com

## ညဉ့်ယံစောသမား

အမယ်ကြီးသည် ညဉ့်ယံထဲအိပ်ပျော်နေရာမှ နိုးလာသည်။ ညဉ့်ကား နက်နေချေပြီ။ အမယ်ကြီးသည် သူ့ဘာသာနိုးလာပြီး ပြန်လည်အိပ်စက်၍ မပျော်တော့ပေ။ အမယ်ကြီးသည် ရေအိုးစင်သို့သွား၍ ရေတစ်ခွက်ခပ်သောက်လိုက်သည်။ မိလုံးကား အမယ်ကြီး၏ခြေရင်းဘက်၌ အပူအပင်မရှိ တခူးခူးမည်ကာ အိပ်ပျော်နေလေသည်။ အမယ်ကြီးသည် မိလုံးအိပ်စက်နေသည်ကို တစ်ချက်ကြည့်ပြီး ထိုင်ခုံမှာသွား၍ထိုင်သည်။ အမယ်ကြီးသည် အခန်းမီးခလုတ်ကို ဖွင့်ထားရာမှ ချောက်ခနဲပိတ်လိုက်သည်။ အမယ်ကြီးသည် ညကြီးအချိန်မတော် မီးအလင်းရောင်ထဲ၌ထိုင်နေရခြင်းကို မကြိုက်နှစ်သက်ပေ။ အမယ်ကြီးသည် အမှောင်ထဲ၌ တိတ်ဆိတ်စွာထိုင်နေသည်။ တစ်ချက်တစ်ချက် မိလုံး၏တခူးခူးဟောက်သံမှလွဲ၍ ညဉ့်ယံက တိတ်ဆိတ်နေသည်။ အမယ်ကြီးသည် ထိုင်ခုံအနီးစေ့ထားသော ပြတင်းပေါက်ကိုဖွင့်လိုက်သည်။ ညဉ့်ယံလေအေးအေးများ တိုးဝှေ့ဝင်ရောက်လာသည်။ အမယ်ကြီးသည် ပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်ရာ ထိန်ထိန်သာနေသော လမင်းကြီးကို မြင်တွေ့လိုက်ရလေသည်။ အိမ်အောက်ထပ်ရှေ့ဘက်ရှိ စဉ့်အိုးကြီးမှာ လရောင်ထဲတွင်ပြောင်လက်နေလေသည်။ အမယ်ကြီးသည် ခဏမျှငြိမ်သက်သွားသည်။ ထိုအချိန်တွင် ညကြီးထဲ၌ ထွက်ပေါ်လာသော သီချင်းသံသဲ့သဲ့ကို အမယ်ကြီးကြားလိုက်ရသည်။ သီချင်းသံသည် ခပ်ဝေးဝေးတစ်နေရာဆီမှ သဲ့သဲ့မျှလွင့်ပျံ့လာသည်။ အမယ်ကြီးသည် ရုတ်တရက် မှင်တက်မိသွားကာ စောစောကဖွင့်ထားသော ပြတင်းပေါက်ကို ဖြုန်းခနဲ ပိတ်ပစ်လိုက်သည်။ ထို့နောက် အမယ်ကြီးသည် ဖွင့်ထားသော

mgyoe.com

mgyoe.com


ပြတင်းပေါက်၌ ရပ်နေမိပြန်သည်။ အမယ်ကြီးသည်မရည်ရွယ်ဘဲ သီချင်းသံကို နားစွင့်နေမိသလိုပင်။ သီချင်းသံသည် ခပ်ဝေးဝေး တစ်နေရာဆီမှ လူသွားလမ်းကလေးအတိုင်း တဖြည်းဖြည်း နီးလာသည်။ အမယ်ကြီးသည် ရုတ်တရက် ဆတ်ခနဲတုန်သွားသည်။ အလို ... သူကြားဖူးသော သီချင်းပါတကား။ သူကြိုက်နှစ်သက်သော သီချင်းပါကလား။ အမယ်ကြီးသည် မီးခလုတ်ကို ဖွင့်ရကောင်းမလားဟု စဉ်းစားမိသည်။ သို့သော် ညဉ့်အမှောင်ထဲ ဒီအတိုင်းရပ်နေမိလျှက်သားပင်။ သီချင်းသံသည် လူငယ်တစ်ယောက်၏ အသံ ဖြစ်သည်။ လူငယ်သည် ကျေးတောသား လူငယ်တစ်ယောက် ဖြစ်ကောင်းဖြစ်နိုင်သည်။ အဘယ်ကြောင့်နည်း။ ယခုသူကြားနေရသောသီချင်းသည် ကျေးတောသားတို့နှစ်ခြိုက်သော တေးတစ်ပုဒ်ဖြစ်နေခြင်းကြောင့်တည်း။ အမယ်ကြီးသည် တိတ်ဆိတ်သောညဉ့်ယံထဲ၌ လွမ်းလွမ်းဆွေးဆွေးတေးတစ်ပုဒ်ကို ဟစ်အော်သီဆိုလာသူကို အသူနည်းဟု သိလိုလာသည်။ ပြတင်းပေါက်ကိုဖွင့်အံ့ဟု စိတ်ကူးသည်။ ထိုခဏမျှသော အခိုက်အတန့်ကလေး၌ ပျိုမျစ်သော ရက်သွေးကလေးတစ်ခု အမယ်ကြီး၏ မှောင်ထဲက မျက်နှာပေါ်မှာဖြတ်သွားသည်။ သဲ့သဲ့မျှကြားခဲ့ရသော သီချင်းသံသည် တဖြည်းဖြည်းနီးလာသည်။ အမယ်ကြီးသည် ခုမှပင်သတိဝင်ကာ ထိုင်ခုံသို့ သွား၍ထိုင်ချလိုက်သည်။ အမယ်ကြီးသည် တည်ငြိမ်သူဖြစ်သည်။ အမယ်ကြီးသည် တိတ်ဆိတ်မှုထဲ၌ ကျင့်သားရနေထိုင်တတ်သူဖြစ်သည်။ လရောင်အောက်၌ စဉ့်အိုးကြီးမှာ ဝင်းပြောင်နေလျက်။ လဝန်းသည် တရိပ်ရိပ်မြင့်တက်လျက်။ ညဉ့်ယံလေညင်းသည် ပြတင်းပေါက်ကို တိုးဝှေ့လျက်။ မိလုံးသည် တခူးခူးမည်ကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျလျက်။ ကျေးတောသားလူငယ်၏သီချင်းသံသည် လမ်းအတိုင်း တဖြည်းဖြည်းဝေးကာလွင့်ပျံလျက်။ အမယ်ကြီးသည် နောက်ဆုံးကြားလိုက်ရသော သီချင်းသံတိုးသဲ့သဲ့ကို မှတ်မိသည်။ ... ကန်ပတ်လည် ခရေရိပ်၊ ရွာထိပ်က ကျောင်းတော်သာ နံဘေးဝယ် ... မခွဲတမ်းကြင်မယ်ဒီစကား မေ့ပြီလားကွဲ့အချစ်ရယ် ...။ သီချင်းသံကို အမယ်ကြီး လိုက်မဆို။ ညဉ့်ယံသည် တဖြည်းဖြည်း ပြန်လည်တိတ်ဆိတ်၍သာ။

**၁.၁၀.၂၀၁၈**

**ည–၁၀း၃၈ နာရီ** ☐

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

# ညစောင့်

ညစောင့်သည် လက်ရိုက်သံချောင်းကိုဖြုတ်ယူ၍ တွဲလွဲဆွဲထားသော သံချောင်းရှည်ကို ဒေါင်ခနဲ တစ်ချက်ခေါက်လိုက်သည်။ ည၌ ၁ နာရီ။ ညစောင့်သည် စောင်ထူထူကြီးကိုခြုံကာ ကင်းတဲမှာထိုင်နေသည်။ ညစောင့်သည် အိန္ဒိယလူမျိုးအဘိုးကြီးဖြစ်သည်။ ညစောင့်သည် မုတ်ဆိတ်ဖြူဖြူများနှင့် မျက်ကွင်းညိုညို နှာတံရှည်ရှည်၊ သူ့ထံမှ နွားနို့နံ့ကိုရတတ်သည်။ ညစောင့်သည် အသက် ၇၀ နား နီးပြီဖြစ်သော်လည်း ဖျတ်လတ်သန်မာနေဆဲပင်ရှိသည်ဟု ထင်မှတ်ရသည်။ ညစောင့်သည် ကုန်လှောင်ဂိုဒေါင်ကြီးတစ်ခုကို စောင့်ရခြင်းဖြစ်သည်။ အပြင်ဘက်မှာ နှင်းတွေ တသဲသဲကျဆင်းနေသည်။ ညစောင့်သည် ကင်းတဲငယ်ကလေးရှေ့၌ မီးဖိုထားသည်။ မီးဖိုမှာ ငြိမ်းလုပြီ။ မီးဖိုမှ တလူလူအူထနေသော မီးခိုးကျဲကျဲသည် ညထဲ တသဲသဲကျဆင်းလာသောနှင်းများနှင့် ရောယှက်သွားသည်။ နှင်းစက်တစ်ပေါက် မီးဖိုထဲသို့ ကျဆင်းသွားသောအခါ ရှဲဟုမြည်သည်။ ညစောင့်သည် တစ်ခါတစ်ရံ ဂန်ဂျား နည်းနည်းသုံးသည်။ ညစောင့်သည် ရိုးဖြောင့်သူဖြစ်သည်။ ညစောင့်သည် သစ္စာစောင့်သိသူဖြစ်သည်။ ထို့ကြောင့်ပင် ဤအသက်အရွယ်အထိ သူ့ကို တာဝန်ပေးခိုင်းစေထားခြင်းဖြစ်သည်။ ဤဒွန္ဓယာကြီးထဲတွင် သူသည် ညစောင့်အဘိုးကြီးအဖြစ် ပါဝင်ရသည်။ ထို့အတွက် သူအမြဲကျေနပ်သည်။ ညစောင့်အလုပ်သို့လာပြီဆိုလျှင် သူ၏သမီးဖြစ်သူက ဒန်ချိုင့်ထဲတွင် နွားနို့တစ်ဝက်မျှ ထည့်ပေးလိုက်မြဲဖြစ်သည်။ သူ၏သမီးက ရံဖန်ရံခါ ဆာရီခြုံထဲမှ ထုတ်ပေးတတ်သည်။ ညစောင့်သည် တစ်ညလုံးမအိပ်ဘဲ

mgyoe.com

mgyoe.com


မိုးစင်စင်လင်းအောင် တွေးတောကြည့်နေခဲ့ဖူးသည်။ ဤဒွန္တယာကြီးထဲ၌ သူဌေးကြီး ဖြစ်လိုသူ၊ ဂျမားဖြစ်လိုသူတွေ အများကြီးရှိသည်။ သူ့လိုညစောင့် ဖြစ်လိုသူမှာမူ အနည်းငယ်မျှသာရှိလိမ့်မည်ဟု သူထင်သည်။ သူက ညစောင့်ဘဝကို ကျေနပ်ခဲ့သည်။ ညစောင့်သည် တစ်ညလုံးမအိပ်စက်ဘဲ မိုးကောင်းကင်ထဲမှ ကြယ်များကို ကြည့်နေခဲ့ဖူးသည်။ ညစောင့်သည် ဂန်ဂျား သုံးမိသည့်ညများဆိုလျှင် ပို၍သတိထားကာ ဂိုဒေါင်တစ်လျှောက် လမ်းလျှောက်ကာ ခေါက်တုံ့ခေါက်ပြန် စေ့စေ့စပ်စပ်နှင့် နိုးနိုးကြားကြားရှိအောင် နေသည်။ ညစောင့်သည် ထိုညမျိုးများတွင် အာရာဒါးနားသီချင်းကို တိုးတိုး ညည်းဆိုမိတတ်သည်။ ယခုတော့ ညစောင့်သည် သီချင်းမဆိုတော့ပြီ။ ညစောင့်သည် လက်ရိုက်သံချောင်းကိုဖြုတ်ယူ၍ တွဲလွဲဆွဲထားသော သံချောင်းရှည်ကို ဒေါင် ... ဒေါင် ... ဟု နှစ်ချက်ခေါက်လိုက်သည်။ ည၌ ၂ နာရီ။ နှင်းပေါက်က မီးဖိုထဲသို့ ရှဲခနဲကျသွားပြန်သည်။ ညစောင့်သည် နွားနို့ဒန်ချိုင့်ကို မီးဖိုပေါ် တင်ထားလိုက်သည်။ ညစောင့်သည် စောင်ထူထူကြီးခြုံလျက် ဂိုဒေါင်ဘက်သို့ ခြေတစ်လှမ်းချင်း လျှောက်သွားသည်။ ဂိုဒေါင်သည် သတ္တုအင်္ကျီဝတ်ထားသော သတ္တဝါကြီးတစ်ကောင်လို ည၌ယံထဲမှာ ဝပ်နေသည်။ မဟုတ်ဘူး။ ဂိုဒေါင်သည် သတ္တုနံရံများနှင့်ဆောက်လုပ်ထားပြီး အမိုးခုံးနှင့် စတုရန်းတစ်ခုသဏ္ဌာန်ရှိသည်။ ဂိုဒေါင်ခေါင်မိုးအထက်၌ မိုးကုပ်စက်ဝိုင်းရှိပြီး လောကဓာတ်တစ်ခုလုံး ဖုံးလွှမ်းလုနီးပါး နှင်းများ တသဲသဲ ကျဆင်းနေသည်။ ညသည် အေးစက်တိတ်ဆိတ်နေသည်။ နှင်းပေါက်က မီးဖိုထဲသို့ ကျသွားပြန်သည်။ ဒီတစ်ခါ ရှဲလို့မမြည်တော့။ မီးဖိုမှာ အေးစက်စပြုပြီ။ မီးသေပြီ။ နွားနို့ဒန်ချိုင့်မှာ မီးဖိုပေါ်မှာရှိနေဆဲ။ သို့ရာတွင် အေးစက်စပြုနေချေပြီတကား။

၁.၁၀.၂၀၁၈

ည – ၁း၄၂ နာရီ

❒

mgyoe.com

mgyoe.com

## မင်အိုး၊ ဖောင်တိန်၊ စာရွက် ၀

**မင်အိုး**

မင်အိုးမှာ အနက်ရောင်ဖြစ်သည်။ မင်အိုးထဲတွင် မင်ရှိသည်။ မင်သည် အရည်ဖြစ်ပြီး အရောင်မှာ အနက်ပင်ဖြစ်သည်။ မင်အိုးကို ရန်ကုန်မြို့မှ ဝယ်ယူလာခဲ့ခြင်းဖြစ်သည်။ သူ လူငယ်ဘဝက ရေးခဲ့သောစာထဲတွင် မင်အိုးထဲ၌ ဝတ္ထုတစ်ပုဒ်အရည်ပျော်နေဆဲဖြစ်သည်ဟု ပါရှိခဲ့သည်။ သူသည် မင်အိုးကို ဈေးကောင်းပေး၍ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ မင်အိုးကို အလုံပိတ်ထားလျှင် မင်သည် ခန်းခြောက်၍မသွားပေ။ မင်ကို ဖောင်တိန်ထဲသို့ထည့်၍ စက္ကူပေါ်တွင် ရေးခြစ်လိုက်သောအခါ စက္ကန့်ပိုင်းအတွင်းပင် ခြောက်သွေ့သွားသည်။ သူသည် ရေးခြစ်ထားသောအရာများကို ပြန်လည်ကြည့်ရှုသည်။ ကျွန်ုပ်တို့အားလုံး ဂိုဂေါင်၏ကုတ်အင်္ကျီမှ ဆင်းသက်လာကြသည်ဟူသော စကားရပ်ရှိသည်။ ရေးခြစ်မှုများအားလုံး မင်အိုးထဲမှ ဆင်းသက်လာခြင်းဖြစ်သည်။ ကျီးကန်း၊ နီဂရိုး၊ မီးသွေးနှင့် မင်အိုးသည် အနက်ရောင်များဖြစ်သည်။ အနက်ရောင်သည် ထို့ကြောင့် ပုံသန်းနိုင်သည်။ အနက်ရောင်သည် ထို့ကြောင့် ဘောလုံးကစားနိုင်သည်။ အနက်ရောင်သည် ထို့ကြောင့် ချက်ပြုတ်နိုင်သည်။ အနက်ရောင်သည် ထို့ကြောင့် ဖတ်ရှုစရာဖြစ်သည်။ အနက်ရောင်သည် ကြောက်ဖွယ်ကောင်းသော ခွန်အားရှိသည်။ အနက်ရောင်သည် အမှောင်ထုကိုပြုလုပ်၍ အမှောင်ထဲ၌ ညရထားခုတ်မောင်းနေသည်။ ညရထား၏ တွဲနံပါတ် ၁၂ ၌ လူတစ်ယောက် စီးနင်းလိုက်ပါလာသည်။ သူ့ထံ၌ မင်အိုးတစ်လုံးပါရှိလာပြီး ယင်းသည် အနက်ရောင်ဖြစ်သည်။

mgyoe.com

mgyoe.com


မင်အိုးသည် သူ၏အလုပ်ကို သူလုပ်လေ့ရှိသည်။ ယင်းမှာ ဖောင်တိန်ထဲသို့ ဝင်ရောက်ပြီး အက္ခရာများအဖြစ် ပြန်လည်ထွက်ရှိလာခြင်းဖြစ်သည်။ ကောင်းပြီ။ မင်အိုးကို အသုံးပြုကြပါစို့။ မင်အိုးထဲမှ အနက်ရောင်မင်ကိုအသုံးပြု၍ 'မိဖြူ' ဟူသော ကောင်မလေးတစ်ယောက်အကြောင်း ဖော်ပြနိုင်သည်။ မိဖြူ။ နွားနို့၊ ထုံးနှင့် ကြက်ဥသည် အဖြူရောင်ဖြစ်သည်။ အနက်ရောင်သည် ထို့ကြောင့် ပြုံးရယ်နိုင်သည်။ အနက်ရောင်သည် ထို့ကြောင့် ဒိန်ချဉ်တစ်ခွက်ကိုပြုလုပ်ပေးနိုင်သည်။ အနက်ရောင်သည် ထို့ကြောင့် ကြွေအံရှူးသူကိုညွှန်ပြနိုင်သည်။ အနက်ရောင်သည် ထို့ကြောင့် ဥမှအကောင်ပေါက်နိုင်သည်။ မင်အိုးတစ်လုံးသည် အက္ခရာဝါကျ မည်မျှဆံ့သနည်း။ မင်အိုးတစ်လုံးသည် အသုံးပြုပြီးသွားပါက ယုတ္တိဗေဒနည်းဖြင့်ဆိုရလျှင် ရေးလက်စဝတ္ထုရှည်ကြီးကို စာမျက်နှာမည်မျှထိရောက်အောင် ဖော်ပြနိုင်ပါသနည်း။ ရေးလက်စဝတ္ထုရှည်ကြီး၏ ပျင်းရိဖွယ်စာမျက်နှာများကို တစ်ရွက်ချင်းလှန်လှောလျှင် မင်အိုးတစ်လုံး၏ကြိုးပမ်းအားထုတ်မှုကိုတွေ့နိုင်သည်။ စိတ်မပျက်ပါနှင့်။ အဘိုးအိုသည် မင်အိုးကို ရေအနည်းငယ်နှင့်ကျင်းကာ ဖောင်တိန်နှင့်တို့၍ ရေးလက်စဝတ္ထုရှည်ကြီးကို ရေးလျက်ရှိလေသည်တကား။ အဘိုးအို၏ အရေးအသားများမှာ ကောင်းစွာ မြင်တွေ့ရခြင်းမရှိတော့။ မင်သည် အရောင်ဖျော့လေပြီ။ သူသည် အဘိုးအိုအဖြစ်သို့ ရောက်ရှိလေပြီ။ ရေးလက်စဝတ္ထုရှည်ကြီးကား ပြီးဆုံးခြင်းသို့ မရောက်သေး။ တစ်ခုသောနွေဦးတစ်ရက်တွင် ရေဖြည့်ထားသောမင်အိုးနှင့် ငြိမ်သက်နေသောအဘိုးအိုကို လူအချို့ တွေ့ရှိကြရသည်။ ယင်းသည် ရေးလက်စဝတ္ထုရှည်ကြီး၏ ပျင်းရိဖွယ်ကောင်းသော စာမျက်နှာများ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

## ဖောင်တိန်

ဖောင်တိန်သည် ရှည်မျောမျောပုံသဏ္ဌာန်ရှိသည်။ အဖျားတွင် သေးသွယ်၍ ချွန်ထက်သောနစ်ရှိသည်။ ဖောင်တိန်သည် သူ၏ကိုယ်ထည်ထဲတွင် မင်ကိုသိုလှောင်ထားနိုင်ပြီး ရေးခြစ်သောအခါ ထိုမင်ကို နစ်မှတစ်ဆင့် စာရွက်ပေါ်သို့ရောက်ရှိစေသည်။ သူ လူငယ်ဘဝက ဖောင်တိန်ကို ဤသို့ ရေးသားဖော်ပြခဲ့ဖူး၏။ အရွှေ့စွမ်းအင်ကို ဘာသာဗေဒအဖြစ် ကူးပြောင်းတဲ့

mgyoe.com

mgyoe.com


အခါ ဖောင်တိန်ကိုအသုံးပြုကြပါသည်ဟု ဖြစ်သည်။ သူသည် ဖောင်တိန်တစ်လက်ကို ပိုင်ဆိုင်ရခြင်း၌ မွေ့လျော်သည်။ သူ လူငယ်ဘဝက ညဥ့်နက်နက်၌ အိပ်ပျော်သွားရာတွင် အိပ်မက်ထဲ၌ ဖောင်တိန်ကို တွေ့ရလေသည်။ နိုးလာသောအခါ သူ့ရင်သည် တဒိတ်ဒိတ်ခုန်နေသည်။ ယခု သူနောက်ဆုံးပိုင်ဆိုင်ထားသော ဖောင်တိန်မှာ အတန်ပင်ဈေးကြီးပြီး ရန်ကုန်မြို့၊ လှည်းတန်းခုံးကျော်တံတားအောက်ရှိ ဆိုင်တစ်ဆိုင်မှ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ သူကလေးဘဝက ပစ္စည်းဟောင်းဝယ်သော ကုလားများသည် ဖောင်တိန်အဟောင်းအပျက် နစ်တွေဝယ်တယ်ဟုအော်ကာ အိမ်ရှေ့လမ်းမထက် ဖြတ်သွားသည်ကို မကြာခဏ တွေ့ခဲ့ရသည်။ ရှေးဟောင်းဖောင်တိန်များ၏ နစ်သွားသည် ကောင်းမွန်သောသတ္တုဖြင့် ပြုလုပ်ထားပြီး ထိုသတ္တုကို ပိုမိုကောင်းမွန်စေရန် ရွှေ၊ ပလက်တီနမ်စသည့် သတ္တုအရောများ ထည့်သွင်းထားသည်ဟုဆိုကြသည်။ ယခု သူအသုံးပြုနေသော ဖောင်တိန်မှာ ငွေရောင်သတ္တုကိုယ်ထည်နှင့် နစ်သွားကို ပလတ်စတစ်ဖိုင်ဘာကဲ့သို့ အနက်ရောင်ငုတ်က ငုံထားသည်။ ဖောင်တိန်ထဲသို့ မင်တစ်ကြိမ်ထည့်ထားလျှင် စာတစ်ပုဒ်ကို ကောင်းစွာရေးနိုင်သည်။ ယခုအခါ မကြာခဏ သူကိုင်တွယ်အသုံးပြုသဖြင့် ဖောင်တိန်ကိုယ်ထည်မှ ငွေရောင်ပွန်းကာ အောက်ခံကြေးဝါရောင်ကို မြင်တွေ့ရလေသည်။ သူသည် ဖောင်တိန်ကို ရိုသေကြောင်းဝန်ခံသည်။ ဖောင်တိန်နှင့် သူ၏ယာလက်တို့ ထိတွေ့သောနေရာတွင် ပြောင်လက်နေသော ကြေးဝါရောင်ကိုတွေ့ရသည်။ သူ၏နေ့ရက်များထဲတွင် ဖောင်တိန်က သူ့ကို ယဉ်ကျေးစေခဲ့သည်။ ဖောင်တိန်က သူ့ကို အသုံးစရိတ်တချို့ထုတ်ပေးခဲ့သည်။ ဖောင်တိန်က သူ့ကို ပျော်ရွှင်စေခဲ့သည်။ သူစာရေးတော့မည်ဆိုလျှင် ဖောင်တိန်က အမြဲပါဝင်လေ့ရှိသည်။ သူ၏ယာလက်က သေးငယ်သော ဝစ္စပေါက်ကလေးများကို ရေးသားတိုင်း ဖောင်တိန်က လိုချင်သောအနေအထားရောက်အောင် ဖန်တီးပေးမြဲပင်ဖြစ်သည်။ တစ်ခါတစ်ရံ သူစာရေးနေရင်း စာရွက်ပေါ်သို့ သေးငယ်သောပိုးကောင်ကလေးတစ်ကောင် ရောက်ရှိလာတတ်သည်။ သူသည် နစ်သွားကို ဖွဖွကိုင်ကာ ထိုပိုးကောင်ကလေးနှင့် လွတ်အောင်ရှောင်ကွင်း၍ ရေးရတော့သည်။ သူ၏ ဖောင်တိန်ကလေးဖြင့် ရေးသားထားသော အက္ခရာများသည် သူ၏ ဘဝကျင်လည်မှုကို

mgyoe.com

mgyoe.com


ဖော်ပြကြမြပင်ဖြစ်သည်။ လွန်ခဲ့သောရက်သတ္တပတ်ခန့်က သူ၏ ဖောင်တိန်ကလေး ပျောက်ဆုံးသွားသည်။ သူသည် နှမြောမိသလို ဝမ်းနည်းမိပြန်လေသည်။ မိုးရွာသောတစ်နေ့က မိုးကာအင်္ကျီကိုယူ၍ ဝတ်ဆင်လိုက်ရာတွင် မိုးကာအင်္ကျီထဲ၌ ဖောင်တိန်ကလေးကိုပြန်၍ တွေ့လိုက်ရသည်။ သူသည် ဖောင်တိန်ပြန်တွေ့ရသည့် ပျော်ရွှင်မှုအထိမ်းအမှတ်အဖြစ် စာတစ်ပုဒ်တော့ ရေးဦးမည်ဟုဆိုကာ စာရေးစားပွဲ၌ထိုင်လေသည်။ သူရေးခဲ့ဖူးသော ကဗျာတစ်ပုဒ်ထဲတွင် စာရွက်ကို ထွန်ယက်ဖို့ဟူ၍ သုံးနှုန်းခဲ့ဖူးသည်။ သူသည် ဖောင်တိန်တစ်လက်ဖြင့် စာရွက်ကို ထွန်ယက်တတ်နေလေပြီ။ သို့ဆိုလျှင် နစ်သွားကို မည်သို့ဆိုရပါအံ့နည်း။ သို့ဆိုလျှင် အက္ခရာများကို မည်သို့ဆိုရပါအံ့နည်း။ ဖောင်တိန်တစ်လက်သည် မီးခိုးမထွက်သော စက်ရုံတစ်ခုလည်းဖြစ်သည်။ ကောင်းပါပြီ။ ဖောင်တိန်တစ်လက်နှင့် ညဉ့်နက်ထဲမှာ စာရေးနေသူကား အသူနည်း။ ဖောင်တိန်တစ်လက်နှင့် နေ့ရက်များကို ဖြတ်သန်းနေသူသည် အသူနည်း။ ဖောင်တိန်ကို ညင်သာစွာလှုပ်၍ ရွေ့ပါစေတော့။ ထိုအခါ မြင်တွေ့ရအပ်သောအက္ခရာများကို ဖတ်ရှုကြကုန်ပါအံ့။ ညဉ့်ကားနက်ပေပြီ။ ဖောင်တိန်သည် အဖုံးကိုပိတ်၍ လဲလျောင်းပြီ။ အိပ်စက်ချိန်ပါတကား။

## စာရွက်

စာရွက်တစ်ရွက်သည် လူတစ်ယောက်၏ ကိုယ်ပိုင်ဧရိယာငယ်ကလေးတစ်ခုဖြစ်သည်။ စာရွက်တစ်ရွက်သည် လွတ်လပ်သောရှင်သန်မှု၏ ကျက်စားရာနယ်မြေဖြစ်သည်။ စာရွက်တစ်ရွက်သည် ပြားချပ်၍ အနားလေးဖက်ပါရှိကာ သင်၏ဆင်ခြင်တုံတရားကို မွေးမြူထားနိုင်သည်။ စာရွက်သည် စာရေးရန်အတွက် ပြုလုပ်ထားသော စက္ကူတစ်မျိုးဖြစ်သည်။ စာရွက်ကိုအသုံးပြု၍ လူတစ်ယောက်၏ဦးခေါင်းထဲ၌ရှိနေသော စိတ်ကူးစိတ်သန်းများကိုနေရာချထားနိုင်သည်။ စာရွက်ကိုအသုံးပြု၍ ကိန်းဂဏန်းနှင့် အက္ခရာများကို မှတ်သားနိုင်သည်။ ဗလာဖြစ်နေသော စာရွက်တစ်ရွက်ကိုတွေ့လျှင် မည်ကဲ့သို့ပြုလုပ်သင့်ပါသလဲ။ ရှယ်လီ၏ ကဗျာစာသားအချို့ကို ရေးချနိုင်သည်။ မြို့ငယ်ကလေးတစ်မြို့တွင်နေထိုင်သော မိတ်ဆွေတစ်ယောက်ထံ

mgyoe.com

mgyoe.com


စာအနည်းငယ်ရေးပို့နိုင်သည်။ ဂဏန်းသင်္ချာပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်နိုင်သည်။ သို့မဟုတ် သင် စိတ်ပြောင်းသွားလျှင် ဆုတ်ဖြဲပစ်လိုက်နိုင်သည်။ လူတစ်ယောက်သည် သူပိုင်ဆိုင်ထားသော ဇရိယာငယ်ကလေးကို ကောင်းစွာအသုံးပြုလိမ့်မည်ဟု မျှော်လင့်နိုင်သည်။ စာရွက်တစ်ရွက်သည် ကမ္ဘာမြေအကြောင်းစပ်ဆိုထားသော ကဗျာတစ်ပုဒ်ကို ရေးသားရန်လုံလောက်သည်။ စာရွက်တစ်ရွက်သည် စစ်ပွဲတစ်ခုကို ရပ်စဲစေနိုင်သည်။ စာရွက်တစ်ရွက်သည် ချစ်မေတ္တာကိုဆောင်ယူ၍ တစ်ဖက်သားထံသို့ ပေးပို့နိုင်သည်။ စာရွက်တစ်ရွက်သည် လေထဲတွင် လွင့်ပါသွားနိုင်သည်။ စာရွက်တစ်ရွက်သည် ပုလင်းတစ်လုံးထဲတွင်ခိုအောင်းကာ ပင်လယ်ပြင်ကိုဖြတ်၍ ညနေခင်းအချိန်တွင် ကမ်းခြေသို့ဆိုက်ကပ်လာနိုင်သည်။ စာရွက်တစ်ရွက်သည် ဝတ္ထုတစ်ပုဒ်စတင်ရန် အကောင်းဆုံးဒြပ်ထုဖြစ်သည်။ သူသည် စာရွက်အနည်းငယ်ကို ပိုင်ဆိုင်ထားသည်။ သူပျော်ရွှင်သည့်အခါ စာရွက်ပေါ်တွင် စာရေး၍ သူဝမ်းနည်းသည့်အခါ စာရွက်ပေါ်၌ဝါကျများကို တည်ဆောက်ပြီး သူငိုက်မျှဉ်းနေချိန်တွင် စာရွက်များသည် ပြတင်းပေါက်မှ ဖြတ်ဝင်လာသော လေထဲ၌ တဖျပ်ဖျပ်လှုပ်နေကြသည်။ မကြာမီ ဆောင်းရာသီ ဝင်ရောက်လာတော့မည်။ သူသည် အေးစက်တောင့်တင်းနေသော စာရွက်များပေါ်၌ ရေခဲတမျှသော အက္ခရာများကို ရေးလိမ့်ဦးမည်သာ။ အေးစက်သောနေ့ရက်များသည်လည်း စာရွက်ပေါ်သို့ တဖြည်းဖြည်းချီတက်လာလိမ့်ဦးမည်သာ။

၉.၉.၂၀၁၈
ညသန်းခေါင်ကျော်

□

mgyoe.com

mgyoe.com

# ညဥ့်ဦးယံ

ကဖေးဆိုင်မှာ လူတချို့ အကြောင်းအရာတစ်ခုကို ပြောဆိုနေကြသည်။ ညအမှောင်ထဲမှာ မော်တော်ကားတစ်စီး မီးဖွင့်ကာ မောင်းနှင်သွားသည်။ ရှေ့တူရူ၌ အမှောင်ထုကြီးရှိသည်။ အမှောင်ထုကြီးထဲမှာ ရဲခနဲဆေးလိပ်မီးဖွာကာ လူတစ်ယောက်လာနေဟန်ရှိသည်။ မီးရောင်ကလေးရဲခနဲဖြစ်သွားတာကိုမြင်ရသည်။ အိမ်ပုကလေးထဲမှာ ဆင်းရဲသော လူငယ်လေးတစ်ယောက် စာအံနေသည်။ အဲလစ်ကလေးသည် ယခုလိုညမျိုးထဲမှာ ထူးဆန်းသောအိပ်မက်ကို မြင်မက်ခဲ့သည်။ အဲလစ်ကို ဘာမှမကြောက်နဲ့ဟု သူ့အမေက မှာခဲ့သည်။ အဲလစ်ကလေးသည် နက်မှောင်သော ညကြီးထဲမှာ လျှောက်သွားနေသည်။ အဲလစ်သည် လျှောက်သွားရင်း မိုးကောင်းကင်ထဲမှာ ညလင်းဖြူကြယ်ကို မြင်တွေ့လိုက်ရသည်။ အဲလစ်သည် ညလင်းဖြူကြယ်ကိုမြင်တွေ့ပြီး ဟိုးဝေးဝေးမှာ အိမ်ပုကလေးတစ်လုံးကို မြင်လိုက်သည်။ အဲလစ်ကလေးသည် အိမ်ပုကလေးဆီကို တဖြည်းဖြည်းချင်း လျှောက်သွားသည်။ တော်တော်နှင့် မရောက်နိုင်။ အဝေးမှ ခွေးဟောင်သံတဝုတ်ဝုတ်ကို သဲ့သဲ့ကြားရ၏။ အဲလစ်ကလေး ထူးဆန်းသောအိပ်မက်ကို မြင်မက်နေချိန်တွင် သူတို့အိမ်အနီးရှိလမ်းပေါ်မှာ မိန်းမကြီးတစ်ယောက်ခေါင်းပေါ်မှာ တစ်ခုခုကို ရွက်ပြီးလျှောက်သွားနေသည်။ သေသေချာချာကြည့်လိုက်တော့ မိန်းမကြီးသည် လင်ပန်းတစ်ခုပေါ် မြင်းခေါင်းပြတ်ကြီးထည့်ရွက်ကာ လှည့်လည်နေခြင်းပင်။ ညကြီးအချိန်မတော်မှာ သူကဝယ်ကြဦးမလားဟု မေးနေသည်။ ညဥ့်ယံထဲမှာ ထိုမိန်းမကြီးသည် တဖြည်းဖြည်းဝေးသွားသည်။ အဲလစ်

mgyoe.com

mgyoe.com


ကလေးသည် ထူးဆန်းသောအိပ်မက်ကို မြင်မက်ပြီးနောက် နိုးလာသည်။ ညဉ့်ဦးယံပင် ရှိသေးသည်။ မီးရထားတစ်စင်းသည် အဲလစ်တို့အိမ်ရှေ့ လမ်းပေါ်မှာ တဂျုတ်ဂျုတ်ခုတ်မောင်းသွားသည်။ အိမ်ရှေ့လမ်းမမှာ သံလမ်းလည်းမရှိဘဲနဲ့။ မည်သို့ပင်ဆိုစေ မီးရထားသည် အိမ်ရှေ့လမ်းမထက် ခုတ်မောင်းထွက်ခွာသွားပေပြီ။ သစ်သီးတွန်းလှည်းကို တကျည်ကျည်တွန်းကာ ကူလီတစ်ယောက်သည် အဝေးကြီးမှ တဖြည်းဖြည်းနီး၍လာသည်။ မင်း အဖေ စောစောကရထားနဲ့ပါသွားတယ်။ ကူလီသည် သစ်သီးတွန်းလှည်းကို တွန်းရင်း သူ့ကိုပြောသွားသည်။ ဒယ်ဒီပါသွားတယ်ဆိုရင် ဘာမဆိုဖြစ်နိုင်တယ်ဟု အဲလစ်တွေးလိုက်သည်။ အဲဒီအချိန်မှာ မာန်မဲငေါက်ငမ်းသံတစ်ခုကို အဲလစ်ကြားရသည်။ "အဲလစ် မအိပ်သေးဘူးလား"။ အဲလစ်သည် ငြိမ်တိတ်နေလိုက်သည်။ ပြီးလျှင် တိတ်တိတ်ကလေးထ ခြေသံမကြားအောင် လမ်းလျှောက်ကာ နောက်ဘက်တံခါးကိုဖွင့်သည်။ အပြင်ဘက်မှာ အမှောင်ထုကြီးရှိသည်။ အမှောင်ထဲမှာ သစ်သီးကလေးတစ်လုံးကို အဲလစ်တွေ့ရသည်။ ထိုညက အဲလစ်သည် သစ်သီးကလေးများအတိုင်း လိုက်သွားသည်။ ကဖေးဆိုင်မှာ လူအချို့ ရောက်တတ်ရာရာကို ပြောဆိုနေကြသည်။ ည အမှောင်ထဲမှာ မော်တော်ကားတစ်စီး မီးဖွင့်ကာမောင်းနှင်သွားသည်။ ရှေ့တူရူ၌ အမှောင်ထုကြီးရှိသည်။ အမှောင်ထုကြီးထဲမှာ ရဲခနဲ ဆေးလိပ်မီးဖွာကာ လူတစ်ယောက်လာနေဟန်ရှိသည်။ မီးရောင်ကလေး ရဲခနဲဖြစ်သွားတာကိုမြင်ရသည်။ အိမ်ပုကလေးထဲမှာ ဆင်းရဲသော လူငယ်ကလေးတစ်ယောက် စာအံနေသည်။ အဲလစ်ကလေးသည် ယခုလို ညမျိုးထဲမှာ ထူးဆန်းသော အိပ်မက်ကို မြင်မက်ခဲ့သည်။ အဲလစ်ကို ဘာမှမကြောက်နဲ့သမီးဟု သူ့အမေက မှာခဲ့သည်။

၂၅.၈.၂၀၁၈

❒

mgyoe.com

mgyoe.com

# သန်းခေါင်ယံ

နာရီလက်တံနှစ်ခုသည် ထပ်တူကျ၏။ အထက်အောက်တည့်မတ်၏။ တစ်ဖက်သို့ရွေ့လျှင် နောက်နေ့တစ်ရက်သို့ ရောက်မည်သာပင်။ အချိန်မှာသန်းခေါင်ယံဖြစ်သည်။ အသံဗလံတို့ဆိတ်ပြီး သစ်ပင်သည် နေ့နှင့်ညကို သိနေဘိအလား။ အမှောင်ထဲမှာ သစ်ရွက်လှုပ်သံမျှပင် မကြားရ။ တံခါးရွက်သည်ပွင့်လျက်။ သန်းခေါင်ယံလေပြည်ညင်းသည် တိုးလျှိုဝင်ရောက်၏။ ညဥ့်တိုင်းပြည်သို့ ဖိတ်ခေါ်သည့်အလား။ ငါ့အနီးပါး၌ သန်းခေါင်ယံလေပြည်သည် လူးလွန့်၏။ ငါ့အမည်ကိုရွတ်ဆိုရန် မတတ်နိုင်ဟန်တကား။ ငါ၏ကိုယ်ဝတ်သည် အဖြူတည်း။ မိုးသားတိမ်တိုက်သည် အဖြူတည်း။ ဟိုး ... ဝေးလံသောအရပ်မှ ကြယ်ပွင့်ကလေး၏အရောင်မှာလည်း အဖြူပင်တည်း။ ငါသည် သန်းခေါင်ယံ လေပြည်ညင်းကို ဧည့်ခံ၏။ ငါ့ထံ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသည့်အတွက် ခရီးဦးကြိုလည်းပြုပါ၏။ သန်းခေါင်ယံလေပြည်ညင်းက ညအခါ လူခြေတိတ်၌ တိတ်တဆိတ်ရောက်လာခဲ့သည်တကား။ ပင်လယ်ပေါ်က သန်းခေါင်ည ရေသူမတွေ ခေါင်းဖြီးသတဲ့။ ဖားလျားလွင့်တဲ့ ရေလှိုင်းတွေ ညဥ့်တိုင်းပြည်ကိုစေသတဲ့။ ကဗျာကို နားဆင်လိုလျှင် ငါရွတ်ဆိုပါမည်။ သန်းခေါင်ယံ လေပြည်ညင်းက သတင်းစကားတစ်ခုကိုဆောင်ယူကဲ့သို့ပမာ ငါရွတ်ဆိုအပ်သော ကဗျာကိုဆောင်ယူ၍ လှည့်လည်ပါဘိ။ ငါ့မိခင်ရှိရာဆီသို့ ဆောင်ယူပို့နိုင်လိမ့်မည်လား။ ငါ့မိခင်မှာ အိုမင်းလှပြီ။ ငါရွတ်ဆိုအပ်သောကဗျာကို သူနားစိုက်ပါစေတော့။ ငါ့မိခင်ကို သင်သိနိုင်လိမ့်မည်ဟု ထင်ပါသည်။ အိုမင်းသော မိန်းမကြီးတစ်ဦးသည် ငါ၏

mgyoe.com

mgyoe.com


မိခင်တည်း။ သီဝေသော မျက်လုံးအစုံဖြင့် ကြည့်တတ်သူသည် ငါ၏မိခင်တည်း။ လျောင်းစက်နေသူသည် ငါ၏ မိခင်တည်း။ နိုးထလာသူသည် ငါ၏ မိခင်တည်း။ ငါ့အမည်ကို ရွတ်ဆိုနိုင်သူသည် ငါ၏ မိခင်တည်း။

သန်းခေါင်ယံသည် ဆိတ်ငြိမ်သောခြေလှမ်းဖြင့် လူတို့ကမ္ဘာမြေထက် မှဖြတ်သန်း၏။ ငါ၏ သန်းခေါင်ယံသည် နံနက်ခင်းသို့ ဆိုက်ရောက်မည်ဟု ယုံကြည်ပါ၏။ ငါ၏ အလင်္ကာ၊ စာ၊ ကဗျာတို့သည် အဆန်းတကြယ် မဟုတ်။ နှလုံးသည်းပွတ်၏တီးတိုးသံမျှသာတည်း။ ငါ၏နှလုံးသည်းပွတ်သည် သန်းခေါင်ယံဖြစ်၏။ ငါ၏ဦးခေါင်းသည် မိုးသောက်ယံဖြစ်၏။ ငါသည် ဤသို့လျှင် ရွှေ့လျားရပေလိမ့်မည်တကား၊ နှလုံးသည်းပွတ်သည် ဦးခေါင်းနှင့် မိုင်ပေါင်းမည်မျှဝေးသည်ကို သင်သိပေလိမ့်မည်။ သန်းခေါင်ယံ လေပြည်ညင်းငဲ့၊ ငါ့ကိုဆောင်ယူ၍ နံနက်ခင်းရှိရာကို ဆိုက်ရောက်ပါစေတော့။ ငါ၏မိခင်သည် ငါတို့ကို ခွဲခွာခဲ့သည်။ နံနက်ခင်းရှိရာအရပ်၌ ငါ့မိခင်သည် ပြုံးရယ်လျက်ရှိလိမ့်မည်ဟု ငါမျှော်လင့်၏။ စန္ဒယော်လခြမ်းကွေးသည် ငါ့မိခင်ပြုံးရယ်ကဲ့သို့ပါတကား။ ပြိုးပြက်ကြယ်ရောင်သည် ညဥ့်အမှောင်ထဲ၌ လက်လက်ထ၏။ ငါ၏မိခင်ရယ်သံကဲ့သို့ပါတကား။ မိုးသားတိမ်တိုက်သည် မိုးကုပ်စက်ဝိုင်းထက်၌ရွေ့၏။ ငါ၏မိခင် စကားခွန်းချိုဆိုသကဲ့သို့ပါတကား။

အချိန်မှာသန်းခေါင်ယံဖြစ်သည်။ အသံဗလံတို့ တိတ်ဆိတ်ပြီ။ စာဆိုသည် မအိပ်စက်နိုင်သေးဘဲ ငိုက်မျဉ်းလျက် ဤစာကိုရေးခဲ့ပေပြီတကား။

**၂၆.၈.၂၀၁၈**

❒

mgyoe.com

mgyoe.com

# ညဥ့်လယ်ယံ

အချိန်မှာညဥ့်လယ်ပိုင်းသို့ရောက်ချေပြီ။ ကဖေးဆိုင်မှာ လူရှင်းပြီ။ ကဖေးဆိုင်ပိုင်ရှင်သည် ကရားအိုးကိုမ၍ မီးကိုငြှိမ်းပြီ။ ခုံများကိုသိမ်းပြီ။ အဖန်ကရားအိုးနှုတ်သီးမှ အာလာဒင်မီးခွက်လို တလူလူထွက်လာသော အခိုးအငွေ့များထဲမှ ကရားစောင့်ဘီလူးသည် သူ၏မူလနေရာသို့ ပြန်လည်ဝင်ရောက်သွားသည်။ ကရားစောင့်ဘီလူးသည် လက်ဖက်ရည်ခွက်ပေါင်းများစွာကို ဖန်ဆင်းပေးခဲ့ပြီးဖြစ်သည်။ နက်မှောင်သော အဇ္ဈောမိုးကောင်းကင်ထဲဝယ် ကြယ်စားပြများသည် ကြယ်တစ်ခုမှတစ်ခုသို့ ရွေ့လျားကူးသွားနေကြသည်။ မဟူရာညစောင့်သည် သော့တွဲများကို ခါးမှာချိတ်လျက် နက်မှောင်သော မိုးကောင်းကင်ထက်မှာ လမ်းလျှောက်နေသည်။ တိမ်တိုက်များသည် သူ၏အောက်ဘက်မှာ ရွေ့နေကြသည်။ ညထဲ၌ သော့တွဲလှုပ်ယမ်းသံ တချွင်ချွင်မြည်နေသည်။ ဝင်ရိုးစွန်းတစ်ဖက်၌ လေနတ်သားသည် ရေခဲဖြင့်လုပ်ထားသော တံပိုးခရာကို မှုတ်နေသည်။ မရဏမင်းသည် အမှောင်ထဲမှာ ထိုင်လျက် ပုခက်ကို တကျွီကျွီလွှဲနေသည်။ စေတန်သည် အမှောင်တိုက်ထဲ၌ ကခုန်နေသည်။ မိုးကောင်းကင်မှ ကြွေကျသောသစ်သီးသည် ကမ္ဘာမြေသို့ သက်ဆင်းသည်။ သစ်သီးသည် မဟာသမုဒ္ဒရာထဲတွင်မျောပါ၍ မထင်မရှားတံငါရွာလေးတစ်ရွာ၏ ကမ်းခြေသို့ဆိုက်ရောက်သည်။ အရုပ်ဆိုးဆိုး မိန်းမပျိုလေးတစ်ဦးသည် ညဥ့်အချိန်လူခြေတိတ်၌ ရေဆိပ်သို့ဆင်း၍ ရေချိုးရာ သစ်သီးကို တွေ့ရှိ၍ဆယ်ယူလေသည်။ မဟူရာညစောင့်သည် သော့တွဲများကိုခါးမှာချိတ်လျက် နက်မှောင်သော မိုးကောင်းကင်ထက်မှာ လမ်းလျှောက်

mgyoe.com

mgyoe.com


နေဆဲပင်။ သူ၏ခါးမှ သော့တစ်ချောင်းကိုယူ၍ မိုးကောင်းကင် ဟင်းလင်းပြင်ကိုဖွင့်လျက် အလင်းရောင်များကျလာလိမ့်မည်။ မဟူရာညစောင့်သည် သော့တွဲကိုအသုံးမပြုဘဲ နက်မှောင်သောမိုးကောင်းကင်ထဲမှာ လမ်းလျှောက်မြဲသာ။ ကမ္ဘာမြေကို အမှောင်ချထားဖို့လိုသည်။ အဘယ်ကြောင့်နည်းဟူမူ အရုပ်ဆိုးဆိုးမိန်းမပျိုလေးတစ်ဦး ညအချိန်ရေဆိပ်မှောင်ထဲမှာ ရေချိုးနေသည် မဟုတ်လား။ မရဏာမင်းသည် အမှောင်ထဲမှာထိုင်လျက် ပုခက်ကိုတကျွိကျွိ လွှဲနေလျက်ပါပင်။ စေတန်သည် တေးဆိုသူမရှိပါဘဲ တစ်ကိုယ်တည်း အမိုက်အမှောင်တိုက်ထဲ၌ ကခုန်နေလေသည်တကား။ ကြယ်စားပြများသည် အဟုန်ဖြင့်ရွေ့ကြလေ၏။ အထက်အဇင္ဇာမိုးကောင်းကင်သည် တုန်လှုပ်၏။ ကြယ်တို့သည် မျက်ရည်လည်သကဲ့သို့ တဖျပ်ဖျပ်အလင်းကို ဆောင်လေသည်တကား။ ကမ္ဘာမြေမှ ခွေးတစ်ကောင်၏ဟောင်သံသည် ကောင်းကင်ဘုံသို့ရောက်၏။ ကောင်းကင်ဘုံ၌ မည်သူမျှမရှိ။ မသိယောင်တကား။ အချိန်မှာ ညဥ့်လယ်ပိုင်းသို့ရောက်ချေပြီ။ ကဖေးဆိုင်မှာလူရှင်းပြီ။ တမန်တော်သည် ဝှက်အပ်သောအတောင်ကိုထုတ်၍ မိုးကောင်းကင်ထက်သို့ ပျံတက်၏။ ဝင်ရိုးစွန်းတစ်ဖက်မှာ နတ်သားသည် ရေခဲဖြင့်လုပ်ထားသော တံပိုးခရာကို တစ်ခဲနက် မှုတ်လျှက်ပင်တည်း။ နတ်သူငယ်သည် ကမ္ဘာ၏ထောင့်ကွေးသရက်ပင်ပေါက်အောက်၌နေ၏။ မဟူရာညစောင့်သည် သော့တွဲများကို ခါးမှာချိတ်လျက် တချွင်ချွင်မြည်စေလျက် နက်မှောင်သောမိုးကောင်းကင်ထက်မှာ မအိပ်စက်ပြီသကား။ ကျွန်ုပ်ကားအခြားမဟုတ်၊ ကလောင်တံကို စောင့်အပ်သော မနုဿတည်း။ သင့်အဖို့ ကလောင်တံရွေ့လျားရာသည် လွတ်မြောက်ရာသို့ ချဉ်းသောလမ်းဖြစ်စေရာတည်း။

၂၆.၈.၂၀၁၈

❒

mgyoe.com

mgyoe.com

## မဝင်းမေ ပေါ့ထရိတ်

ပြောပြပါမောင်။ မောင့်မယားကို ဘယ်လောက်ထိ ချစ်သလဲဆိုတာ။

ပြောပြစမ်းပါ။ မောင်နဲ့သူ ဘယ်မှာတွေ့ခဲ့ကြတယ်ဆိုတာ။ မောင် ပြောပြပါ။ ကျွန်မ မျက်ရည်ကျမိလို့ပါ။ မောင့်မယားက မောင့်ကို ဘယ်လောက်ထိချစ်ခဲ့တယ်ဆိုတာ ကျွန်မ မှန်းဆနိုင်အောင်လို့ပါ။

မောင်ဟာလေ မောင့်မယားအကြောင်းပြောရရင် ထမင်းမေ့ဟင်းမေ့ပါပဲ။ ကျွန်မ မောင့်ကိုသံသယရှိတယ်။ တကယ်တော့ မောင့်မယားဟာ ကျွန်မတို့မမှန်းဆနိုင်တဲ့ ချစ်မေတ္တာနဲ့ မောင့်ကိုချစ်ခဲ့တာ။ မောင်ကတော့ သူလိုမဟုတ်၊ ခုပဲ ကျွန်မကို တွေ့နေပြီမဟုတ်လား။ မောင့်မယားရဲ့ အလေ့အထတွေ ကျွန်မသိပါရစေ။ မောင်ပြောပြမယ်မဟုတ်လားကွယ်။ သူဟာ ဘယ်အချိန်မှာ နိုးထလို့ ဘယ်အချိန်မှာ အိပ်ရာဝင်တယ်ဆိုတာ။ ကျွန်မ ယုံတယ်မောင်။ မောင့်မယားဟာ ဘုရားနဲ့တရားနဲ့ ဘာသာရေးကို ကိုင်းရှိုင်းသူဆိုတာ။ ကျွန်မ ဒီလိုလည်းထင်မိတယ် မောင်ရယ်။ မောင့်မယားက အခု မောင့်ကို ကျွန်မချစ်တဲ့အချစ်ထက် ပိုလွန်တဲ့မေတ္တာ ရှိခဲ့မယ်ဆိုတာကို လေ။ မောင်ကတော့ ရယ်စရာပြောတာပဲ။ ဒါပေမဲ့ မောင့်မယားဟာ ဘယ်လောက် ပျော်ရွှင်နေခဲ့မလဲဆိုတာ။ မောင်က သူ့ကို သွားကျဲသမီးလို့ခေါ်တယ်။ သူကြီးသမီးလိုလို ဘာလိုလိုနဲ့ ခေါ်တာလေ။ မောင့်မယားရဲ့ သွားတစ်ချောင်းကနေ သွားတစ်ချောင်းကို ကျီးကန်းဟာ တစ်ညအိပ် ပျံသန်းရသတဲ့။ ဒီလိုဆိုတော့ မောင့်မယား မဝင်းမေရဲ့ဦးခေါင်းနဲ့ ကိုယ်ခန္ဓာဟာ ဘယ်လောက်ကြီးမားမလဲဆိုတာ မောင်စဉ်းစားမိရဲ့လား။ မောင့်ရယ်စရာကို

mgyoe.com

mgyoe.com


သူဟာ အတည်ယူလို့ ဘယ်လိုစဉ်းစားခဲ့မလဲဆိုတာ ကျွန်မသိချင်တယ်။ ခုတော့ ကျွန်မသိပြီမောင်ရယ်။ သူဟာ မောင်နဲ့အတူရှိနေရင်ကိုပဲ တကယ် ပျော်ရွှင်သူပါ။ ပြောပြပါမောင်။ ကျွန်မသိအောင် နောက်ထပ် မောင် ဖုံးဖိထားတာတွေ ဘာများရှိမလဲ။ ခက်ပါတယ် မောင်ရယ်။ မောင်က မောင့်မယားကို ချစ်နေဆဲပဲဆိုတာသိရက်နဲ့ မောင့်ဘဝထဲကို ကျွန်မဝင်ရောက်ခဲ့တာ။ မောင်ရေ ကျီးကန်းတစ်ကောင်တော့ ပျံနေပြီ တအားအား။ ဒါတွေ မောင်နားလည်ရဲ့လား။ သူပိုက်ဆံထည့်သိမ်းတဲ့ ဗီရိုသော့ကို မောင် လက်ထဲ ထည့်ခဲ့တာတဲ့။ မောင်ဟာ အဲဒီဗီရိုအံကပ်ထဲက ပိုက်ဆံတွေကို ယူယူသုံးနေခဲ့တာ။ သူ လားရှိုး၊ သီပေါ၊ မူဆယ်၊ နမ့်ခမ်း ခရီးတွေဖြတ်သန်းပြီး ပင်ပင်ပန်းပန်း ရှာခဲ့တဲ့ပိုက်ဆံတွေ ဒါကို မောင်ကယူသုံးခဲ့တာ။ မောင့်အတွက် လွယ်ကူလွန်းတယ်ကွယ်။ မောင်ဟာ လေးနက်မလိုလိုနဲ့ အပျော်တမ်းသမား။ မောင်တို့ ဖဲကစားတဲ့အကြောင်းတွေ ခုတော့ အကုန်လုံးသိကုန်ကြပြီမောင်။ ကျွန်မတောင် မောင့်ကို အပြစ်မြင်မိတယ်။ မောင်ဟာ ဖဲထုပ်ထဲက ဂျိုကာကိုရအောင် ဆွဲယူတတ်သူ၊ မောင်ဟာ ဖဲကို ရှုံးအောင်ကစားနိုင်ပြီး မဝင်းမေကို ရအောင်ယူခဲ့တယ်ဆိုတာလေ။ မောင်ဟာ သူ့အပေါ်တကယ်ပဲ ချစ်ခဲ့တာဖြစ်မှာပါ။ ပြောပြမောင်၊ မောင့်မယားရဲ့ အလေ့အထတွေကို။ သူဟာ ဘယ်အချိန်မှာ ပျော်ရွှင်တတ်ပြီး ဘယ်အချိန်မှာ စိတ်ညစ်တတ်တယ်ဆိုတာကိုလေ။ ကျွန်မ ချစ်မေတ္တာဟာ မောင့်မယားကို မီနိုင်မယ်မထင်ပါဘူးကွာ။ မောင်ရေ ကျီးကန်းကြီးဟာ တအားအားနဲ့ ပျံသန်းနေတုန်းပါပဲ။ အိပ်စက်နေတဲ့ မောင့်မယားဘေးက မောင်ထပြီးသွားရင် မင်း ခုနတုန်းက ဘယ်ကို သွားလိုက်တာလဲလို့ သူက မေးမြဲမဟုတ်လား။ သူဟာ မောင့်ကို သူ့ကိုယ်ခန္ဓာ၊ သူ့ဘဝရဲ့အစိတ်အပိုင်းအဖြစ် ပြုလုပ်နိုင်ခဲ့တယ်မောင်။ သူ့ဘေးမှာ မောင်မရှိရင် သူက ဘာဖြစ်လို့ အိပ်ပျော်နေရာက ဖျတ်ခနဲနိုးပြီး ချက်ချင်းသိတာလဲဆို မောင် မစဉ်းစားမိဘူးလား။ မောင်က ကျွန်မကို လျှို့ဝှက်အပ်တာတွေ ဖွင့်ပြောတော့ ကျွန်မသိခွင့်ရတာပေါ့ မောင်ရယ်။ ဒါပေမဲ့ မောင်ရယ် မောင်ဟာ ဘာမှ သိနားလည်မှုမရှိတဲ့ ကလေးပါပဲကွယ်။ မောင့်မယားရဲ့ ညဝတ်ဘောင်းဘီမှာ ခွဆုံနေရာကို ဘရိတ်ဓားနဲ့ခွဲထားလို့တဲ့ မောင်က ဒေါ်ပွသတဲ့လား။ သေချင်လောက်အောင်ရယ်ရတယ် မောင်။ မောင်က ဒါကို

mgyoe.com

mgyoe.com


မရမကမေးခဲ့တာ။ သူဖြေခဲ့တာက ဆီးသွားရင် လွယ်အောင်လို့တဲ့။ ကျက်သရေ သိပ်တုံးတယ်မောင်။ မောင်ဟာ နားလည်မှုမရှိတဲ့ လူရမ်းကား။ မောင်ဟာ သံသယကြီးသူ၊ မောင်ဟာ အရိုင်း။ မောင့်ဘဝဟာ ဒီလိုနဲ့ စလယ်ဆုံး ကျွန်မ မောင့်ကိုမုန်းတယ်။ ကျိုးကန်းကြီးဟာ ပျံသန်းသွား တအားအားနဲ့တဲ့။ ပြောပြပါမောင်ရာ။ မောင့်မယားကို မောင် ဘယ်လောက်ထိချစ်ခဲ့သလဲဆိုတာ။ ဒါကို ကျွန်မသိရမှဖြစ်မယ်။ မောင်ပြောပြလိမ့်မည်မဟုတ်လား။ မောင့်မယားဟာ တောင်ပေါ်သူဆိုတော့ အသားကတော့ ဖြူမှာပေါ့။ မောင့်မယားဟာ အရပ်ကခပ်ပျပ်ပျပ် မပုလွန်း မရှည်လွန်း၊ မပိန်လွန်း မဝလွန်း။ မောင်ရဲ့ချစ်ခွန်းဖွဲ့စကားတွေ ကျွန်မကို မပြောလာပါနဲ့ မောင်။ မောင့်မယားကို မောင် ဘယ်လောက်ချစ်တယ်ဆိုတာကိုသာ ကျွန်မ သိပါရစေ။ ကျွန်မသူ့ကို ချစ်တယ်။ ကျွန်မ သူ့ကို ရှိသေလို့ပါ။ မောင်ရေ ကျိုးကန်းကြီးက တအားအား ပျံသန်းနေတုန်းပဲလား။

၄.၉.၂၀၁၈

❐

mgyoe.com

mgyoe.com

## စိတ်ကူးသက်သက် ဂန္ဓာရီလှည့်လည်ခြင်း

ငါသွားတော့မယ်။ မိုးကုပ်စက်ဝိုင်း အောက်လမ်းတကာကိုလျှောက်ပြီး ဂန္ဓာရီလှည့်လည်မယ်။ ကြင်နာသနားတတ်တဲ့မြို့ကလေးမှာ ငါဟာ သူတောင်းစားအဘိုးကြီးအဖြစ်နဲ့ နေ့ရက်များစွာ လှည့်လည်မယ်ကွယ်။ စားကြွင်းစားကျန်ကလေးများရှိရင် တစ်ဆုပ်တစ်လုတ် သနားကြပါခင်ဗျာ။ ဒီလိုလည်း ငါရွတ်ဆိုရဦးမှာ။ ထမင်းဖိုးငွေ အကြွေကလေးများပါရင် စွန့်ကြဲကြပါခင်ဗျာ။ ကြင်နာသနားတတ်တဲ့မြို့ကလေးမှာ သူတောင်းစား အဘိုးကြီးဟာ ရက်ပေါင်း ၁၀၀။ ညစ်ထေးကြေးညှော်နဲ့၊ နံစော်ဟောင်းနွမ်းအဝတ်စုတ်နဲ့ ငါဟာ ဘာကိုမျှ တန်ဖိုးထားရလိမ့်မတုံးကွယ်။ ငါဆက်သွားမယ်။ လမ်းတွေအတိုင်းလှည့်လည်။ ဘာသာတရားကိုင်းရှိုင်းတဲ့မြို့ကလေးမှာ ငါဟာ ဒုလ္လဘရဟန်းတစ်ပါးအဖြစ်နဲ့သာ။ ငါဟာ အာဂန္တု ရဟန်းတစ်ပါးအဖြစ်နဲ့သာ။ မိုးသောက်နံနက် ဩကာသလောကကြီးထက် နေလုံးကြီး တရိပ်ရိပ်တက်လာပြီဆို ငါဟာ ရဟန်းအိုကြီးအဖြစ်နဲ့ အိမ်ပေါက်စေ့ လှည့်လည်ဆွမ်းခံမယ်ကွဲ့။ သူဆင်းရဲတွေအိမ်ရှေ့မှာ ငါဟာ သပိတ်ကိုပိုက်လို့ ရပ်နေမှာ။ လက်လုပ်လက်စားတွေရဲ့အိမ်ရှေ့မှာ ငါဟာ သပိတ်ကိုလှုပ်လို့ရပ်နေမှာ။ သူဌေးသူကြွယ်တွေရဲ့ အိမ်ရှေ့မှာ ငါဟာ သပိတ်ကိုမြှောက်ချီလို့ ရပ်နေမှာ။ ငါဟာ ဒုလ္လဘရဟန်းအိုကြီးသာ၊ ငါဟာ အာဂန္တုရဟန်းအိုကြီးသာ။ နေလုံးဟာ ထန်းတစ်ဖျားရောက်တော့ ရဟန်းအိုကြီးဟာ မြို့စွန်က ဇရပ်ထက်မှာ ရောက်နေပေါ့။ ဘာသာတရားကိုင်းရှိုင်းတဲ့မြို့ကလေးမှာ ငါဟာ ရဟန်းအိုကြီးအဖြစ်နဲ့ ရက်ပေါင်း ၇၀။ ဦးပြည်းမှာ နေရောင်ထိုးပေါ့။ ကျနေဟာ

mgyoe.com

mgyoe.com


နီရွှေရွှေအဆင်းနဲ့။ သဒ္ဒါထက်သန်ပြီး ဘာသာတရားကိုင်းရှိုင်းတဲ့ မြို့ကလေးကိုဖြတ်လို့ ဘဝသံသရာရထားဟာ ခုတ်မောင်းသွားပေါ့။ ငါ ဆက်၍ဆက်ကာ သွားရလိမ့်မည်သာ။ စီးပွားရေးဖြစ်ထွန်းတဲ့မြို့ကြီးမှာ ငါက ကုန်စျေးသည် ပွဲစားတစ်ယောက်အဖြစ် ရောက်ရှိသွားရလိမ့်ဦးမှာ။ ဆန်စျေး၊ ဆီစျေး၊ ဆားစျေး ငါကမေးရပေလိမ့်မယ်။ တောမြို့ကလေးကတက်လာတဲ့ ငွေကြေးကုံလုံသူ ကုန်သည်ပွဲစားတစ်ဦးနှယ်။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ငါးပိ၊ ငါးခြောက်၊ ငရုတ်၊ ကြက်သွန်၊ အိတ်သွန်ဖာမှောက်ရောက်တတ်ရာရာ၊ ငါအလိုရှိတာကို ရောင်းဝယ်ဖောက်ကား ကုန်သည်ပွဲစားအဖြစ် စျေးမြို့ကြီးမှာ ရက်ပေါင်း ၅၀ ကြာ။ ဒီလိုနဲ့ ဂန္ဓာရီလှည့်လည် အနုပညာကိုတန်ဖိုးထားတဲ့မြို့ကလေးဆီမယ် ငါဟာ ကဗျာဆရာအဖြစ်နဲ့ပေါ့ကွယ်။ ကဗျာဆရာအဘိုးအိုဟာ ညနေခင်းနေဝင်ချိန်သေရည်ဆိုင်တွေမှာ ယမကာတစ်ခွက်နဲ့ စီးကရက်ကို လက်ကြားမှာဟန်ပါပါညှပ်လို့။ ရှေးမာ့(စ်)ဟောနီရဲ့ ဗီးနဲ့နွားမကဗျာကို ဖြည်းဖြည်းချင်းရွတ်ဆိုလို့။ ဘားတော့ဘရက်ရဲ့ လည်ပင်းမှာ စာဆွဲထားခွေးကလေးတစ်ကောင်အကြောင်း ပြောပြလို့။ “ဟောဟိုမှာ ဘစ်ဂိုးရေးမြို့ ရှိလိမ့်မယ်” လို့ စိတ်မှန်းနဲ့ လက်ညှိုးထိုးနေကာ အနုပညာကိုချစ်မြတ်နိုးတဲ့ မြို့ကလေးရဲ့တစ်နေရာမှာ ရက်ပေါင်း ၄၀ ကြာလေ။ ကဗျာဆရာအဖြစ် ရက်ပေါင်း ၄၀ ကြာမြင့်ပြီးတဲ့နောက်မှာ ငါဟာ မိစ္ဆာတွေမြူးတဲ့မြို့တစ်မြို့ဆီကိုရောက်ရပြန်တော့။ မှန်ပါတယ်။ မိစ္ဆာတွေမြူးတဲ့မြို့မှာ ငါဟာ သွေးစုပ်ဖုတ်ကောင်အဖြစ်နဲ့ လှည့်လည် လည်ပင်းသွေးကြောမကြီးတွေတွေ့ရင် ဝမ်းထဲမှာ ဟာလာပေါ့ကွယ်။ ဒရက်ကူလာအလှပြုပြင်ရေးမှာ ငါဟာ ငါ့အရေပြားကိုပြုပြင်၊ ငါ့သွားတွေကိုချွန်ခဲ့တယ်။ လမိုက်ညမြို့ထဲမှာ မိစ္ဆာတွေမြူးကြ။ ငါက သွေးစုပ်ဖုတ်ကောင်အဖြစ်နဲ့ အမှောင်ထဲမှာ လမ်းသလား၊ ခွေးအူသံတွေကြားမိပေါ့။ ဒီလိုနဲ့ မိစ္ဆာတွေ မြူးတဲ့မြို့တစ်မြို့မှာ သွေးစုပ်ဖုတ်ကောင်အဖြစ်နဲ့ငါဟာ ရက်ပေါင်း ၃၀ ကြာ။ ဒီလိုနဲ့ ဆက်သွားဆက်သွား ရှေ့ကိုဆက်သွား၊ လူပျော်တွေနေထိုင်ကြတဲ့မြို့ကလေးမှာ ငါဟာ လူရွှင်တော်အဖြစ် ရောက်ရှိရပြန်တော့တာ။ လူရွှင်တော်ဟာ ရယ်စရာပဲ။ အသက်ကကြီးပြီ။ ပါးစပ်ဟလိုက်ရင် သွားကျိုးတွေနဲ့။ လူကအိုပေမဲ့ က,ချင်ခုန်ချင်တုန်း။ လူရွှင်တော်ဟာ သူ့မျက်နှာကို နံပြားဖုတ်တဲ့အဝတ်အထုပ်နဲ့

mgyoe.com

mgyoe.com



ဂျုံမှုန့်တွေတို့ပြီး ဖုန်းခနဲရိုက်လိုက်ရာ ဖွေးဖွေးဖြူမျက်နှာ၊ ရယ်ပြနေဟန်က သွားကျိုးတွေနဲ့ အချိုးမကျ။ လူပျော်တွေနေထိုင်တဲ့မြို့ကလေးမှာ လူရွှင်တော်အဖြစ်နဲ့ငါ ရက်ပေါင်း ၁၀ ကြာ။ စိတ်ကူးသက်သက် ဂန္ဓာရီလှည့်လည်ခြင်းမှာ။

၃၁.၈.၂၀၁၈

❐

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ခြေဦးတည့်ရာ

အိမ်မှ သူထွက်လာခဲ့သည်။ အိမ်ရှေ့လမ်းကလေးအတိုင်း မြောက်ဘက်သို့ လျှောက်လာခဲ့သည်။ လမ်းပေါ်တွင် မော်တော်ယာဉ်တစ်စီးက ရှေ့တူရူမှမောင်းနှင်ကာ တောင်ဘက်ထဲသို့ ဖြတ်သန်းသွားသည်။ လမ်းဘေးခွေးတစ်ကောင်က သူ့နောက်မှလိုက်လာသည်။ သူသည် လမ်းအတိုင်း ခြေလှမ်းသုံးလေးဆယ်ခန့် သွားမိသောအခါ ကတ္တရာလမ်းနှင့် သံလမ်းဆုံရာသို့ရောက်လာသည်။ သံလမ်းကူးတံခါးမှာပွင့်လျက်၊ မီးရထားအလံချိုးသမားသည် သူ၏ဂိတ်တဲကလေးထဲတွင်ထိုင်၍ ဆေးလိပ်ဖွာနေသည်။ သူသည် ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ဘဲ လမ်းဆုံမှ သံလမ်းအတိုင်း တစိုက်စိုက်ဆက်လျှောက်လာခဲ့သည်။ မီးရထားသံလမ်း ဇလီဖားတုံးများကို တစ်ခုချင်း သူကျော်ဖြတ်လာခဲ့သည်။ မီးရထားသံလမ်းဘေးတွင် မြက်ရိုင်းပင်များက ထိုးထိုးထောင်ထောင် ပေါက်ရောက်နေသည်။ လမ်းဘေးခွေးသည် တကောက်ကောက်နှင့် သူ့နောက်မှ လိုက်ပါလာလျက်ပင်ရှိသည်။ မီးရထားသံလမ်းဘေးမှ အိမ်ပုကလေးသည် မီးခိုးအူထနေသည်။ မီးခိုးစများသည် လေထဲသို့လွင့်ပျံ့သွားသည်။ တဲအိမ်စုစုကလေးများဘက်ဆီက ရေဒီယိုဖွင့်သံကိုကြားရသည်။ ရေဒီယိုအစီအစဉ်မှ သောတရှင်တို့ လိုရာသီချင်းများ လာနေသည်။ သူသည် ဇလီဖားတုံးများကို တစ်ခုချင်းနင်းဖြတ်လာခဲ့သည်။ သူ့နောက်မှာ လမ်းဘေးခွေးက ထက်ကြပ်မကွာလိုက်ပါလျက်ပင်။ မီးရထားသံလမ်းသည် ချောင်းငယ်တစ်ခုကို ဖြတ်သန်းသည်။ ချောင်းငယ်ထဲတွင် နံ့ဝါရောင်ရေများ တိုးဝှေ့စီးဆင်းနေသည်။ သူသည် သံလမ်းကူးတံတား

mgyoe.com

mgyoe.com


ပေါ်မှာ ဆက်လျှောက်လာခဲ့သည်။ ထိုအချိန်မှာပင် သူ၏ရှေ့တည့်တည့်ဆီမှ မီးရထားခုတ် မောင်းလာသည်ကို တွေ့လိုက်ရသည်။ သံလမ်းကူးတံတားမှ အလွန်တွင် သူသည် သံလမ်းပေါ်မှဆင်းကာ ဘေးသို့ ခေတ္တမျှရပ်နေလိုက်သည်။ မီးရထားသည် အရှိန်အဟုန်ဖြင့် တဂျုံးဂျုံးတဂျက်ဂျက် ခုတ်မောင်းသွားသည်။ သူသည် သံလမ်းဘေးရပ်နေရာမှ အောက်ဘက်မြေသားလမ်းပေါ်သို့ဆင်းလိုက်သည်။ မြက်ရိုင်းပင်များက နိမ့်လျှောမြေနေရာမှာ ထူထပ်စွာပေါက်ရောက်နေကြသည်။ သူသည် သံလမ်းဘေးမြေသားလမ်းအတိုင်း ရှေ့တူရူသို့ တစိုက်စိုက်လျှောက်လာသည်။ လမ်းဘေးခွေးသည် သူ့နောက်မှ တကောက်ကောက်လိုက်ပါလျက်ပင်ရှိသည်။ မီးရထားသည် တဖြည်းဖြည်း ခုတ်မောင်းဝေးလံသွားသည်။ သူသည် တဲအိမ်စုစု၊ အိမ်ပုပုကလေးများ ရှေ့တွင်ရှိသော မြေသားလမ်းအတိုင်း ဆက်လျှောက်လာသည်။ ဤကမ္ဘာမြေထက်၌ လမ်းများသည် အဆုံးရှိပါ၏လော။ လမ်းများသည် အဆုံးရှိကောင်းရှိမည်။ အဆုံးဟူ၍မရှိဘဲလည်း ဖြစ်ကောင်းဖြစ်မည်။ သူသည် တရွေ့ရွေ့ပင် ဆက်လျှောက်လာခဲ့သည်။ သူ၏နောက်မှ ခွေးကလေးတစ်ကောင်သည် တကောက်ကောက်လိုက်ပါလျက်ပင်။ ဝေးသော၊ ပို၍ဝေးသော၊ အဝေးဆုံးသို့ သွားနေသည့်နှယ်ပင်။ နေ့ရက်များ ကုန်လွန်ခဲ့သည်။ ကတ္တရာလမ်းမထက်၌ မော်တော်ကားတစ်စီး ဖြတ်သွားမြဲ။ သံလမ်းပေါ်မှာ မီးရထားတစ်စင်း ခုတ်မောင်းသွားမြဲ။ တဲအိမ်စုစု အိမ်ပုပုကလေးများဆီမှ မီးခိုးစတို့ အူထနေမြဲ။ လူတစ်ယောက်၊ ခွေးတစ်ကောင်နဲ့ ဖြတ်သွားတာတော့ မြင်လိုက်တယ်ဟု လူအချို့ကပြောကြသည်။ နေ့ရက်များ ထပ်မံကုန်ဆုံးသွားသောအခါ ထိုအကြောင်းကို သိရှိမှတ်မိသူ၊ ပြောဆိုသူမရှိတော့။ သံလမ်းဘေးမှာ မြက်ရိုင်းပင်တွေက ထိုးထိုးထောင်ထောင်။ သံလမ်းကူးတံတားအောက်က ချောင်းထဲမှာ နွံ့ဝါရောင်ရေတွေ တိုးဝှေ့စီးဆင်းနေမြဲ၊ သံလမ်းကူးဂိတ်တဲမှာ အလံချိုးသမားက ဆေးလိပ်ကို ဖြည်းဖြည်းချင်းဖွာလို့။

၇.၈.၂၀၁၈

□

mgyoe.com

mgyoe.com

# ၀ ပန်းချီဆရာ ၀

ပန်းချီဆရာ စိတ်ပျက်လက်ပျက်ထိုင်နေလေသည်။ သူ၏ ရှေ့တွင် ရေးလက်စပန်းချီကားတစ်ချပ်ရှိသည်။ ထိုပန်းချီကားချပ်ထဲတွင် လူပုံတစ်ပုံ ပါရှိသည်။ စင်စစ်ပန်းချီဆရာသည် ပုံတူရေးဆွဲထားခြင်းဖြစ်ပြီး ပန်းချီကား ချပ်ထဲက လူပုံမှာ သူ၏ဘကြီးပုံဖြစ်လေသည်။ ပန်းချီဆရာက လူပုံကို အရောင်ရင့်ရင့်များသုံး၍ ရေးဆွဲထားသည်ဖြစ်ရာ ဘယ်သူဘယ်ဝါ၏ ပုံဖြစ်သည်ထက် လူတစ်ယောက်၏ပုံရေးဆွဲထားခြင်း ဖြစ်ကြောင်းကိုပင် အတော်ကြီး သတိပြုကြည့်ပါမှ မြင်တွေ့ရလေသည်။ ပန်းချီဆရာသည် ပန်းချီကားကိုတစ်လှည့်၊ ဆေးဘူးများကို တစ်လှည့်ကြည့်ရင်း စိတ်ပျက်လက်ပျက်ဖြစ်နေလေ၏။ ပန်းချီဆရာသည် ပုံတူရေးဆွဲရာတွင် ညံ့ဖျင်းသည်ဟုတော့ မဆိုနိုင်ပေ။ ပန်းချီဆရာသည် ကုန်ဆုံးခဲ့သောဆောင်းရက်များက သူ၏ မိတ်ဆွေ ကဗျာဆရာတစ်ယောက်၏ ပုံကိုရေးဆွဲခဲ့ရာတွင် ကုတ်အင်္ကျီပွကြီးထဲ၌ နစ်မြုပ်နေသောလူတစ်ယောက်ကို မျဉ်းကြောင်းများဖြင့် ဖော်ပြနိုင်ခဲ့သည်။ ထိုပုံကို မြင်တွေ့ရသော စာရေးဆရာပိုင်စိုးဝေက ဟော့ ဒါကဗျာဆရာ ခင်အောင်အေးရဲ့ပုံ မဟုတ်လား။ ကြည့်စမ်း၊ ငါတို့ အပြင်မှာတွေ့ရတဲ့ ခင်အောင်အေးထက်တောင် ဒီပုံက ပိုပြီး ခင်အောင်အေးနဲ့တူတယ်ကွဟု ဆိုခဲ့လေသည်။ မှန်ပါသည်။ မျက်နှာချွန်ချွန်၊ နှုတ်ခမ်းမွေးစစနှင့် ကုတ်အင်္ကျီပွကြီးထဲမှ ထွက်ပေါ်နေသောလူပုံမှာ ကဗျာဆရာခင်အောင်အေးပင်တည်း။ ထိုသို့ရေးဆွဲနိုင်သူဖြစ်ပါလျက် ယခုမူ သူ့ဘကြီး၏ ပုံတူကိုကြည့်ကာ ပန်းချီဆရာ စိတ်ပျက်လက်ပျက်ဖြစ်နေလေတော့၏။ မှန်ပါသည်။ သူ့ဘကြီးပုံတူ

mgyoe.com

mgyoe.com


မှာ မှောင်နေပြီး ပန်းချီဝေါဟာရအနေနှင့် သုံးသပ်ရလျှင် TONE ကျွမ်းနေသော ပုံတစ်ပုံပင်။ ပန်းချီကားတစ်ချပ်ကိုရေးဆွဲပြီးမှ မကြိုက်တော့ဘူးဆိုရင် မြင်ကွင်းထဲကနေ မှောက်ထားလိုက်၊ နှစ်ရက်သုံးရက်လောက်နေမှ ပြန်ကြည့်။ အဲဒီပန်းချီကားဟာ ကားကောင်းတစ်ကား ဖြစ်ချင်ဖြစ်နေတတ်တယ်။ ပန်းချီဆရာသည် သူ့မိတ်ဆွေတစ်ယောက် ပြောဖူးသောစကားကို ပြန်၍ အမှတ်ရလာသည်။ သီအိုရီတွေက အများကြီးပဲ၊ မင်းကြိုက်သလိုသာရေးပါ တစ်ခုမဟုတ်တစ်ခုနဲ့ အံဝင်ခွင်ကျဖြစ်နေမှာပဲ အားပေးလေ့ရှိသော ပန်းချီမတောက်တခေါက်နားလည်သည့် ဝေဖန်ရေးဆရာ၏စကားကိုလည်း သတိရလာသည်။ ပန်းချီကားတစ်ချပ်မှာ အရေးကြီးတာက ဘယ်အချိန်မှာပြီးသွားတယ်ဆိုတာပဲဟု ပြောလေ့ရှိသော ရေဆေးပန်းချီဆရာတစ်ယောက်၏စကားကိုလည်း ကြားမိပြန်သည်။ ပန်းချီဆရာသည် ရုတ်ခြည်းပင် ထိုင်နေရာမှထ၍ ပန်းချီကားကို မှောက်ထားလိုက်သည်။ ထို့နောက် သူ့နေရာမှာ သူပြန်၍ ထိုင်နေလိုက်သည်။ သူမြင်တွေ့နေရသည်က ပန်းချီကား၏ကျောဘက်ဖြစ်သည်။ ဘာမျှမရှိ။ သူသည် ပန်းချီအနုပညာကို မတောက်တခေါက်သိရုံမျှနှင့် အမျိုးမျိုးအဖုံဖုံ ဝေဖန်ပြောဆိုတတ်သော ဝေဖန်ရေးဆရာကို ရောက်လာလျှင်ကောင်းလေစွဟု တောင့်တမိလေသည်။ ဤသို့ဖြင့် နေ့ရက်များကုန်ဆုံးသွားသည်။ ပန်းချီဆရာသည် သုံးရက်မြောက်သောနေ့တွင် သူ၏ပန်းချီကားကိုမှောက်ထားရာမှ လှန်၍ကြည့်လိုက်သည်။ သူသည် ပန်းချီကားကို မြင်ရသောအခါ ကြက်သီးထသွားသည်။ အလို၊ ဘကြီးသည် အမှောင်ထဲမှ သူ့ကို မျက်နှာထားတင်းတင်းဖြင့် စိုက်ကြည့်နေလေသည်တကား။ သူ့ကို ဒီလိုပုံ ထွက်အောင်ဆွဲရပါမည်လားဟု ပြောနေသည့်အလား။

၆.၇.၂၀၁၈

❒

mgyoe.com

mgyoe.com

## စာပြင်အယ်ဒီတာ

ကျွန်တော်သည် ထပ်ခိုးနိမ့်နိမ့်နှင့် ကျဉ်းမြောင်းသောအခန်းကလေး ထဲတွင် ရက်ပေါင်းရာနှင့်ချီ၍ အလုပ်လုပ်ခဲ့ရသည်။ ကျွန်တော်အလုပ်လုပ် ရသည်မှာ စာများကိုဖတ်ရှုရခြင်းဖြစ်ပြီး ကျွန်တော်ဖတ်ရှုရသောစာများကို စာလုံးပေါင်းသတ်ပုံမှန်အောင် ပြင်ဆင်ခြင်းနှင့် ဝါကျဖွဲ့ထုံးမှန်ကန်အောင် တည်းဖြတ်ရခြင်းပင်ဖြစ်သည်။ ကျွန်တော့်အလုပ်စားပွဲရှိရာ အခန်းကျဉ်း ကလေးထဲသို့ရောက်လာပြီဆိုလျှင် စားပွဲပေါ်၌ အရန်သင့်ရှိနေသော စာအုပ် တစ်အုပ်ရှိပါသည်။ ထိုစာအုပ်မှာ ကျွန်တော်အလုပ်လုပ်ရာတွင် အသုံးပြုရ သော မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းဖြစ်ပါသည်။ ကျွန်တော့်စားပွဲတွင် ယခင်က စာပြင်အဘိုးကြီးတစ်ဦး အလုပ်လုပ်ခဲ့ဖူးပြီး ထိုစာပြင်အဘိုးကြီးကို ကျွန်တော် ဤအလုပ်သို့မရောက်မီမှာပင် အနားပေးလိုက်သည်ဟု သိရပါ သည်။ သူက အသက်ကြီးသွားပြီ။ မျက်စိလည်းမှုန်သွားပြီ။ မျက်မှန်နဲ့ကြည့် လည်း စာလုံးတွေကို ကောင်းကောင်း သူမမြင်တော့ဘူး။ သူကတော့ အလုပ် ထဲမှာဆက်ရှိနေချင်သေးပုံပါပဲ။ ဒါပေမဲ့ သူ့ကိုအနားပေးလိုက်တယ်ဟု ကျွန်တော်ကို အလုပ်ခန့်သော စာအုပ်တိုက်ပိုင်ရှင်ကပြောပါသည်။ အဲဒါ သူအသုံးပြုခဲ့တဲ့စာအုပ်ပဲ။ မင်းအတွက် အသုံးဝင်မှာပါ။ စာအုပ်တိုက်ပိုင်ရှင် သည် ကျွန်တော့်ကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းစာအုပ်ကိုပေးရင်း ဆိုလေသည်။ ကျွန်တော့်လက်ရှိအနေအထားမှာ ပုံမှန်ဝင်ငွေရရှိသော အလုပ် တစ်ခုခုကိုလုပ်ရန် လိုအပ်နေသည်။ ထို့ကြောင့်ပင် ကျွန်တော်သည် ဤ စာအုပ်တိုက်သို့ စာပြင်အယ်ဒီတာအလုပ်ကို ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်းဖြစ်

mgyoe.com

mgyoe.com


ပါသည်။

ကျွန်တော် ဤစာအုပ်တိုက်ကိုမရောက်မီက စာအုပ်အတော်များများကိုဖတ်ရှုခဲ့ဖူးပါသည်။ ဂျွန်ကီ၊ ရှယ်လီ၊ ဝီလျံဘလိတ် စသည့်ကဗျာဆရာများ၏ကဗျာများကို ဖတ်ရှုခဲ့ဖူးပါသည်။ ဝွန်တာဂရပ်၏ လဲနေတဲ့သစ်ပင်နှင့် ဝီလျံဘလိတ်၏ ဖျားတဲ့နှင်းဆီကဗျာများကို ကျွန်တော်နှစ်သက်သည်။ မြန်မာကဗျာဆရာများထဲမှ အောင်ချိမ့်၊ ထွန်းဝေမြင့်၊ သုခမိန်လှိုင်တို့၏ကဗျာများကိုလည်း ဖတ်ရှုခဲ့ဖူးပါသည်။ အောင်ချိမ့်၏ရပ်ကွက်၊ ထွန်းဝေမြင့်၏ ကွယ်လွန်သူ ဖရန့်ကပ်ဖ်ကာကောင်းမှု၊ သုခမိန်လှိုင်၏ ဂျွန်လ၏မိုးရေစက်များကဗျာတို့မှာ ကျွန်တော်တို့ မြန်မာခေတ်ပေါ်ကဗျာ၏ လက်ရှိအဆင့်အတန်းကို ခန့်မှန်းနိုင်သောအခြင်းအရာများဖြစ်ပါသည်။

ကျွန်တော်သည် ကဗျာဖတ်ရှုရန် ငြီးငွေ့သွားသောအခါ သတင်းစာဂျာနယ်များကိုဖတ်ရှုသည်။ ဝေါဟာရများ၏ အလုပ်လုပ်ပုံမှာ ကဗျာနှင့်သတင်းတွင် မည့်သို့ကွာခြားသည်၊ မည်သို့တူညီနေသည်တို့ကို အနည်းငယ်ရိပ်စားမိလာခဲ့ပါသည်။ လူတစ်ယောက်၏ဘဝတာတွင် ဝေါဟာရနှစ်ခု၊ သုံးခုမျှ ပိုင်ဆိုင်ထားရုံမျှနှင့်ပင် ကောင်းစွာနေထိုင်ရပ်တည်နိုင်သည်ကို သိမြင်လာခဲ့ပါသည်။ ဝါဆိုလကုန်ခါနီးဖြစ်သော်လည်း ကျွန်တော်အလုပ်လုပ်ရာအခန်းကလေးထဲမှာ လှောင်အိုက်နေပါသည်။ အပြင်ဘက်မှာ မိုးရွာနေပါသည်။ မိုးက ခပ်ဖွဲဖွဲရွာသွန်းနေပြီး တိတ်မည့်ပုံမပေါ်ပါ။ ကျွန်တော့်စားပွဲပေါ်သို့ ပရုဖ်ဖတ်ရန် ကော်ပီရောက်မလာသေး။ ကျွန်တော်သည် ယခင်စာပြင်အဘိုးကြီး အသုံးပြုခဲ့သော မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းစာအုပ်ကို ယူကြည့်မိပါသည်။ တစ်နေရာတွင် ငြီးငွေ့ဟူသောစကားလုံးအောက်၌ မျဉ်းတားထားသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် စိတ်လှုပ်ရှားစွာဖြင့် နောက်ထပ်စာမျက်နှာတစ်ခုကို လှန်လိုက်ရာ သာမန်ဟူသောစကားလုံးအောက်၌ မျဉ်းတားထားသည်ကို တွေ့ရပြန်သည်။ အပြင်ဘက်မှာ ဝါဆိုမိုးက တစိမ့်စိမ့်ရွာနေသည်။ ကျွန်တော်သည် ယခင်က ဤနေရာတွင် အလုပ်လုပ်ခဲ့သော စာပြင်အဘိုးကြီးကို သတိရလာသည်။ စာပြင် အဘိုးကြီးသည် ဤစာလုံးနှစ်ခုအောက်၌ မျဉ်းတိုကလေးများ တားသွားခဲ့သည်။ သူ့အသက်အရွယ်၊ သူ့ဘဝဖြတ်သန်းမှုထဲမှ အပိုင်းအစကလေးနှစ်ခု ဖြစ်ကောင်း

mgyoe.com

mgyoe.com

ဖြစ်ပါမည်။ မှန်ပါသည်။ ကျွန်တော်ဖတ်ရှုနေသည်မှာ ကဗျာတစ်ပုဒ် မဟုတ်ပါ။ သို့ရာတွင် ကျွန်တော့်ကို တစိမ့်စိမ့် တွေးနေမိစေသည်မဟုတ်လား။ အပြင်ဘက်မှာ ဝါဆိုမိုးက ရွာသွန်းလျက်။ ဒီလိုဖြင့် တိတ်မည့်ပုံမပေါ်ပါ။

**၇.၈.၂၀၁၈**

❐

mgyoe.com

mgyoe.com

# ဝင်ငွေ (သို့) လက်လှမ်းမမီသော အကြောင်းအရာများ

သာမန်လူတန်းစား ဝယ်ယူစားသုံးနိုင်တဲ့တန်ဖိုးထက် အခြေခံ စားသောက်ကုန်များက အဆမတန် တန်ဖိုးကြီးမြင့်ခြင်းကို ဖြစ်ပေါ်လာစေတဲ့ မည်သည့်စီးပွားရေးပုံစံ၊ နည်းစနစ်ကိုမဆို ရှောင်ရှားကြရမှာဖြစ်တယ်။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးရမှာဖြစ်သော်လည်း ဈေးကွက်စီးပွားရေးစနစ်ထဲမှာ အဲဒီလိုအဖြစ်အပျက်တွေ ဖြစ်ပေါ်လာစေရင် လိုအပ်သလို ထိန်းညှိပြုပြင်ရမှာဖြစ်တယ်။ သာမန်လူတန်းစားဆိုတာ တစ်နေ့တာဝင်ငွေကို တစ်နေ့တာ စားဝတ်နေရေးအသုံးစရိတ်အတွက် ဖြေရှင်းနေကြရသူတွေနဲ့ လစာနည်းဝန်ထမ်းတွေကို ဆိုလိုပါတယ်။ အခြေခံစားသောက်ကုန်ဆိုတာကတော့ မဖြစ်မနေဝယ်ယူစားသုံးနေကြရတဲ့ ဆန်၊ ဆီ၊ ဆား၊ သားငါး၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံများကိုဆိုလိုပါတယ်။

စီးပွားရေးစနစ်တစ်ခုဟာ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကို ဝေါဟာရပြောင်းလဲခြင်းအဖြစ် ညင်သာစွာကူးပြောင်းနိုင်တဲ့ နည်းလမ်းရှိပါလိမ့်မယ်။ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနဲ့အတူ သာမန်လူတန်းစားများရဲ့ တစ်နေ့တာလုပ်အားခဝင်ငွေဟာ မြင့်မားတိုးတက်လာခြင်းကို ဆိုလိုတယ်။ စီးပွားရေးစနစ်တစ်ခုဟာ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းကို ဝေါဟာရပြောင်းလဲခြင်းအဖြစ် ညင်သာစွာကူးပြောင်းတဲ့အခါမှာ နိုင်ငံတကာငွေကြေးစံနှုန်း ဖလှယ်နှုန်းထားတွေနဲ့ ဟန်ချက်ညီအောင်ဆောင်ရွက်နိုင်မှသာလျှင် အောင်မြင်တဲ့ ညင်သာစွာကူးပြောင်းခြင်းဖြစ်တယ်။ (ဒီနေရာမှာ ဇင်ဘာဘွေနိုင်ငံရဲ့ ငွေကြေးတန်ဖိုး

mgyoe.com

mgyoe.com


အပြောင်းအလဲဟာ သင်ခန်းစာကောင်းတစ်ခုဖြစ်တယ်)

မှတ်စုဟောင်းတွေပြန်ကြည့်ရင်း အထက်ပါစာပိုဒ်ကလေးကို ပြန်တွေ့သည်။ အောက်ခြေရက်စွဲကိုကြည့်မိတော့ (၂၅.၇.၂၀၁၀) ရက်နေ့က ဖြစ်သည်။ ကျွန်တော်သည် လူလတ်တန်းစားမိသားစုမှ မွေးဖွားကြီးပြင်းခဲ့ပြီး ယခုလည်း လူလတ်တန်းစားမိသားစုဘဝကို ပိုင်ဆိုင်ထားသူဖြစ်ပါသည်။ ထို့ကြောင့် လူလတ်တန်းစားတို့၏ထုံးစံအတိုင်း ဆင်းရဲသောမိသားစုဘဝသို့ ရောက်သည့်အခါများရှိသလို လူချမ်းသာများလို စားသောက်သုံးဖြုန်းနိုင်သော နေ့ရက်တချို့လည်းရှိကြောင်း ဝန်ခံပါသည်။ များသောအားဖြင့် စားဝတ်နေရေး အသင့်အတင့်အဆင်ပြေသော မိသားစုသာဖြစ်ပါသည်။ စီးပွားရေးအောင်မြင်အောင် မစွမ်းဆောင်နိုင်သူက စီးပွားရေးနှင့် ငွေကြေးစနစ်အကြောင်း ပြောနေမိသည်မှာ နှာခေါင်းရှုံ့စရာ ဖြစ်ကောင်းဖြစ်ပါမည်။ မတတ်နိုင်ပါ။ ရိပ်ကာဝဲကာနှင့် မိမိစဉ်းစားဆင်ခြင်ဖူးတာတို့ ပြန်လည်ပြောပြခြင်းသာဖြစ်ပါသည်။ ဤနေရာတွင် စီးပွားရေးနှင့် ငွေကြေး၏သဘောတရားကိုပိုင်နိုင်ကျွမ်းကျင်သူများ၏ စဉ်းစားပြုမူဆောင်ရွက်ချက်များကို ကျွန်တော်လိုက်နာရန်အသင့်ရှိပါသည်။

ကျွန်တော်အိမ်ထောင်ကျစက ကုန်ဈေးနှုန်းကို ဝေဖန်ပြစ်တင်ဖူးပါသည်။ ကျွန်တော့်ပြစ်တင်ဝေဖန်မှုကိုကြားနေသော အမျိုးသမီးကြီးတစ်ဦးက "မောင်နေမျိုးရေ၊ ငါတို့ကတော့ ကုန်ဈေးနှုန်းတက်တာကို ဘာမှမပြောတော့ပါဘူးကွယ်။ တက်ရင်လည်း တက်တဲ့ဈေးနဲ့ ကိုယ်ဝယ်စားနိုင်ပါရစေလို့ပဲ အောက်မေ့တယ်" ဟု ဆိုပါသည်။ ကျွန်တော့်အတွက် တန်ဖိုးကြီးတဲ့စကားတစ်ခွန်းပါပဲ။ ယနေ့ ကျွန်တော့်လက်ထဲမှာ ဝင်ငွေ ဘယ်လောက်ရှိသလဲ။ ဟဲ ဟဲ ဟဲ ... စာမူတစ်ပုဒ်တော့ရေးဖြစ်လေပြီ။ ဒါဆို သိပ်တော့မဆိုး၊ ဝင်ငွေနည်းနည်းတော့ရမှာကိုး။

၁၈.၂.၂၀၁၈

❐

mgyoe.com

mgyoe.com

# သတိရလို့ ရေးတဲ့စာ

ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလထဲမှာ ရန်ကုန်မြို့ကို ကျွန်တော်ရောက်ခဲ့တယ်။ ကာတွန်းရာပြည့်ပွဲတော်ကိုလာတာ။ ပွဲတော်တာဝန်ရှိသူတွေက လိုအပ်တာတွေ ဖြည့်ဆည်းပေးတယ်။ ကျွန်တော်တို့ ကာတွန်းဆရာတွေ မရမ်းကုန်းမြို့နယ်ထဲက တည်းခိုခန်းတစ်ခုမှာ တည်းကြတယ်။ အခု ငါတည်းခိုတာ မရမ်းကုန်းမှာလို့ စဉ်းစားမိတော့ ဆရာဇော်ဇော်အောင်ကို သတိရမိတယ်။ ဆရာဇော်ဇော်အောင်ဟာ မရမ်းကုန်းမြို့နယ်ထဲမှာနေထိုင်တယ်လို့ ကျွန်တော်သိထားတယ်။ ဆရာရဲ့ 'မရမ်းကုန်းစစ်တမ်း' ဟာ ကျွန်တော်တို့ အလေးအနက်ထားခဲ့ရတဲ့ စစ်တမ်းပါ။ ဆရာဇော်ဇော်အောင်ဟာ ကျွန်တော်တို့ရဲ့ ဖခင်မျိုးဆက်ထဲမှာပါတယ်။ ဆရာဟာ အဲဒီမျိုးဆက်ကနေ သားသမီးမျိုးဆက်၊ မြေးမျိုးဆက်တွေအထိ သူ့စာပေလက်ရာတွေနဲ့ ကျေးဇူးပြုခဲ့တယ်လို့မှတ်ချက်ပြုနိုင်တယ်။ ဆရာဇော်ဇော်အောင်ရဲ့စာတွေကိုဖတ်ရင် ဆရာ့စရိုက်ကိုမြင်နေရသလိုပဲ။ ဖတ်ဖူးသူတွေ သိကြပါတယ်။ ဆရာဟာ သူ့စာထဲမှာ 'မှားလျှင် နောက်လူတွေပြင်ပေးကြပါ' လို့ မကြာမကြာ ထည့်ရေးလေ့ရှိတယ်။ အဲဒီအချက်ဟာ တန်ဖိုးကြီးတယ်လို့ထင်မိတယ်။ ကျွန်တော်ဆရာ့ကို စတင်သတိပြုမိတာက ဆရာ့စကားပြေလက်ရာတွေနဲ့ပါ။ ခေတ်ပေါ်စာပေဟာန်၊ မော်ဒန်ပေါ့လေ။ မော်ဒန်ကိုခံတွင်းတွေ့အောင် ဆရာရေးနိုင်ခဲ့တယ်။ နို့ပေမဲ့ အဲဒီအချိန်က မော်ဒန်စာပေဟာ ဝိုင်းဝန်းတိုက်ခိုက်မှုတွေ အပြင်းအထန်ကြုံတွေ့နေရချိန်ပါ။ ဒါပေမဲ့ မော်ဒန်ကဗျာ၊ မော်ဒန်ဝတ္ထုတွေဟာ စာမျက်နှာတွေပေါ်ရောက်လာသလို အဲဒီစာပေလက်ရာတွေကို ထိုးနှက်

mgyoe.com

mgyoe.com


တိုက်ခိုက်တဲ့ စာပေလက်ရာတွေလည်း တစ်ပြိုင်တည်း စာမျက်နှာတွေပေါ် ရောက်လာခဲ့တယ်။ မော်ဒန်ဆိုတာ သူများနိုင်ငံမှာ ဟောင်းသွားပြီ အခုမှ ဒီမှာလာသစ်နေတယ်ဆိုတဲ့ အမြင်ကို ဆရာဇော်ဇော်အောင်က ဝန်ခံပေးခဲ့တယ်။ ဟုတ်ပါတယ်။ သူများနိုင်ငံမှာ မော်ဒန်ဟာ ဟောင်းသွားပါပြီ။ ကျွန်တော်တို့က အခုမှ သစ်ရပါတယ်ခင်ဗျားလို့ စကားခံပြီး ခေတ်ပေါ်စာပေ မော်ဒန်အနုပညာနဲ့ပတ်သက်လို့ သိရှိထားတာတွေကို ရေးသားခဲ့ပါတယ်။ ခေတ်ပေါ်ကဗျာဟာ ဘာမျှအဓိပ္ပာယ်မရှိဘူး၊ ဘာတွေရေးထားမှန်းမသိဘူး ဆိုတဲ့သဘောထားကို ဆရာက စာသားစိစစ်ချက်တွေရေးပြီး ဖြေရှင်းပေးခဲ့တယ်။ ဆရာ့ရဲ့စာသားစိစစ်ချက်တွေဟာ ကျွန်တော်တို့မျိုးဆက် ကဗျာဆရာတွေအပေါ်မှာ အကျိုးသက်ရောက်မှုရှိခဲ့ပါတယ်။ အဲဒီနောက်ဆရာဟာ နိုင်ငံတကာ စာပေအနုပညာသဘောတရားတွေကို လူငယ်တွေအတွက် သင့်နိုးရာရာတွေ ရေးပေးခဲ့တယ်။ ကျွန်တော်အထူးသဖြင့် မှတ်မိနေတာက ခေတ်ပေါ်ကဗျာ၊ မော်ဒန်ကဗျာသည် နယ်နိမိတ်ကုန်ဆုံးသွားပြီ၊ ရှေ့ဆက်တိုးလျှင် အခြားပိုင်နက်တစ်ခုသို့ ရောက်ရှိသွားပါလိမ့်မည်ဆိုတဲ့အမြင်ပါပဲ။ ကျွန်တော် လက်ခံနိုင်ခဲ့ပါတယ်။ ဆရာဟာ ဆယ်စုနှစ် နှစ်ခုစာကျော်မျှ ခေတ်ပေါ်စာပေအတွက် အယူအဆများ၊ သဘောတရားများ၊ လေ့လာတွေ့ရှိချက်များကို ရေးသားတင်ပြခဲ့ပြီး ခေတ်ပေါ်စာပေ မော်ဒန်အနုပညာဟာ နေရာတစ်ခုကို တည်တည်ငြိမ်ငြိမ်ရလာတဲ့အခါမှာ ဆရာဟာ ဂန္ထဝင်ကဗျာတွေဘက်ကို ဦးလှည့်သွားပါတယ်။ ကျွန်တော့်အနေနဲ့ အဲဒီလိုအရေးအသားတွေကိုတွေ့ရတော့ နည်းနည်းထူးဆန်းတယ်လို့ မှတ်ချက်ပြုမိခဲ့တယ်။ ဒါပေမဲ့ ပြန်စဉ်းစားကြည့်တော့ ကျွန်တော်တို့မျိုးဆက်နဲ့ နောက်ထပ်မျိုးဆက်တွေဟာ ဂန္ထဝင်ဟန်စာပေလက်ရာတွေနဲ့ မသိမသာကင်းကွာလာခဲ့ပြီး အချို့ဆိုရင် တန်ဖိုးထားရကောင်းမှန်းမသိ ဖြစ်လာခဲ့ကြတယ်။ အဲဒီအချက်ကို စဉ်းစားမိတော့ ဆရာရေးနေတဲ့ ဂန္ထဝင်ဟန်ကဗျာတွေအပေါ် လေ့လာတင်ပြချက်တွေဟာ ကျွန်တော်တို့လိုအပ်နေတဲ့တန်ဖိုးကို ဖြည့်ဆည်းပေးခဲ့တာလို့ နားလည်မိပါတယ်။ မှန်ပါတယ်။ ခေတ်ပေါ်အနုပညာ မော်ဒန်စာပေပညာရှင်ကြီး တစ်ယောက်က ဂန္ထဝင်စာပေလက်ရာတွေအကြောင်းကို တခမ်းတနားပြောပြခဲ့တာလေ။ ဆရာဇော်ဇော်အောင်က ဆင်မျှုရယ်ဘက်ကက်ကို နှစ်သက်သူ၊

mgyoe.com

mgyoe.com


တန်ဖိုးထားသူလို့ ကျွန်တော်သိရတယ်။ အဲဒီတော့ ဘာဖြစ်သလဲ။ ကျွန်တော်က ဆရာမြတ်သစ်ဘာသာပြန်တဲ့ ဆင်မျုရယ်ဘက်ကက်ရဲ့ ဂိုဒေါ့ကိုစောင့်မျှော်ရင်း စာအုပ်ဝယ်ဖတ်တယ်လေ။ အင်း ... ဆရာဇော်ဇော်အောင် ကြိုက်မယ်ဆိုလည်း ကြိုက်လောက်တဲ့ စာရေးဆရာကြီးတစ်ဦးပဲလို့ ရေရွတ်မိပါတော့တယ်။ အဲဒီတော့ကော ဘာဖြစ်သလဲ။ ကျွန်တော့်သူငယ်ချင်း ကဗျာဆရာတွေကို ဖတ်ကြည့်စမ်းပါလို့ တိုက်တွန်းဖြစ်ခဲ့တာပေါ့။ သူတို့ဖတ်ကြည့်ကြပါတယ်။ ဒီစာအုပ်က ဖိအားများတဲ့စာအုပ်နော်လို့ ကျွန်တော်ကပြောပြီး ပေးဖတ်ခဲ့တာ။ ကိုထက် (ရေဦး)က ဒီလိုပြောတယ်။ ကျွန်တော်ဖတ်ပြီးပြီ၊ ကိုနေမျိုးပြောတဲ့အတိုင်း ဖိအားများတဲ့စာအုပ်တစ်အုပ်ပဲ။ ကျွန်တော့်အဖေ ကွယ်လွန်ပြီးစမှာ အဲဒီစာအုပ်ကို ဖတ်ရတာလေ။ ခင်ဗျား စဉ်းစားသာကြည့်တော့လို့ ပြောပါတယ်။

ကျွန်တော့်ဘဝရဲ့အချိုးအကွေ့တစ်ခု ကျွန်တော်စိတ်ဓာတ်တွေ ချုတ်ခြုံကျပြီး နိမ့်ပါးနေစဉ်မှာ ဆရာဇော်ဇော်အောင်က ကျွန်တော့် ကဗျာတစ်ပုဒ်ဖြစ်တဲ့ 'ကြေးဝါသော့' ကို စာသားစိစစ်ချက်ရေးပြီး အဲဒီစာမူဟာ ကိုငြိမ်းအေးအိမ်တို့ တည်းဖြတ်ထုတ်ဝေတဲ့ သရဖူမှာပါလာတယ်။ မှန်ပါတယ်။ ကျွန်တော်ဟာ မိမိကိုယ်ကိုယ် ယုံကြည်ရကောင်းမှန်း ပြန်လည်သိရှိလာခဲ့တယ်။ ဆရာရဲ့စာပေသြဇာဟာ ကြီးမားပါတယ်။ ရန်ကုန်မြို့နေ ကျွန်တော့်သူငယ်ချင်း စာရေးဆရာ ဝမ်းဇော်ဦး (ကူမဲ) က "ဟေ့ကောင်၊ ဇော်ဇော်အောင်လို စာရေးဆရာကြီးတစ်ဦးက မင်းကဗျာကို ဒီလိုရေးပေးတာနော်။ မင်းကဗျာကို ငါဖတ်ကြည့်တော့ ဆရာဇော်ဇော်အောင်ပြောတာတွေနဲ့ ကိုက်ညီပြီး ကောင်းနေတယ်ကွ" အစရှိတဲ့ သဘောမျိုးပြောပြခဲ့ပါတယ်။ မှန်ပါတယ်။ ကျွန်တော်ဟာ ကြေးဝါသော့ကို ဆရာဇော်ဇော်အောင်က စာသားစိစစ်ချက်ရေးပြီးတဲ့နောက်မှာ စာပြန်လည်ရေးနိုင်လာခဲ့ပါတယ်။ ဆရာဇော်ဇော်အောင်ရဲ့ အသိအမှတ်ပြုခြင်းခံရပြီးတဲ့နောက်မှာ ရန်ကုန်မြို့က အယ်ဒီတာတွေဟာ ကျွန်တော်ရေးတဲ့ကဗျာနဲ့ ဝတ္ထုတိုတွေကို လိုလိုလားလားပဲ ဖော်ပြပေးခဲ့ကြပါတယ်။ သူတို့ဟာ ကျွန်တော့်ကို အသိအမှတ်ပြုခဲ့ကြတယ်လို့ခံစားရပါတယ်။ ဆရာဇော်ဇော်အောင်ရဲ့ အနုပညာဖန်တီးမှုတွေကို ကျွန်တော် ကြိုက်နှစ်သက်မိတာတွေ ရှိပါတယ်။ ဆရာဟာ ABBA အဖွဲ့ သီချင်းစာသားတစ်ခုကို သူ့ရဲ့

mgyoe.com

mgyoe.com


ဝတ္ထုခေါင်းစဉ်အဖြစ် အသုံးပြုခဲ့တယ်။ အဲဒီ ခေါင်းစဉ်က 'နိုင်တဲ့လူအကုန်ယူသွားသည်' ဆိုတဲ့ ဝတ္ထုခေါင်းစဉ်ပါပဲ။ မှတ်မိပါသေးတယ်။ အဲဒီ 'နိုင်တဲ့လူအကုန်ယူသွားသည်' ဆိုတဲ့ဝတ္ထုဟာ ဆရာချစ်ဦးညို တည်းဖြတ်ထုတ်ဝေတဲ့ သဘင်မဂ္ဂဇင်းမှာ ပုံနှိပ်ဖော်ပြခဲ့ပါတယ်။ ဆရာ့ဝတ္ထုကို ပန်းချီမျိုးညွန့်က သရုပ်ဖော်ပုံဆွဲပေးခဲ့ပါတယ်။ ဆေးရောင်စုံပုံနှိပ်ဖော်ပြထားပြီး ပန်းချီမျိုးညွန့် သရုပ်ဖော်ပုံနဲ့ ဆရာ့ဝတ္ထုဟာ ကြွတက်နေပါတယ်။ နိုင်တဲ့လူအကုန်ယူသွားသည်ကို ကျွန်တော် ဖတ်ရှုနှစ်သက်နိုင်ခဲ့တယ်။ နောက်ထပ် မှတ်မိနေတာက 'ဒါအကုန်ပဲ' ဆိုတဲ့ဝတ္ထုပါ။ ဒါအကုန်ပဲဆိုတဲ့ဝတ္ထုကို ကျွန်တော် နှစ်သက်ခဲ့ရတယ်။ အဲဒီဝတ္ထုက အထုပ်ကြီးတစ်ထုပ်ကို ခေါင်းပေါ်ရွက်ပြီး လမ်းတကာလျှောက်သွားနေတဲ့ လူကြီးတစ်ယောက်အကြောင်းပါ။ အဲဒီလူကြီးဟာ လူစလူနမြင်တွေ့ရရင် သူ့ခေါင်းပေါ်မှာ ရွက်လာတဲ့ အထုပ်ကြီးကို မြေကြီးပေါ်ချပြီးရင် အထုပ်ကြီးကိုဖြေ၊ ပြီးရင် အထဲက တိုလီမုတ်စပစ္စည်းတွေကို တစ်ခုချင်းထုတ်ထုတ်ပြပြီး မြေကြီးပေါ်မှာ အဲဒီတိုလီမုတ်စတွေ ပြန့်ကျဲနေပြီဆိုရင် 'ဒါအကုန်ပဲ' လို့ ပြောပါတယ်။ အဲဒီလိုပြောပြီးရင် အဲဒီလူကြီးဟာ မြေကြီးပေါ်က သူ့တိုလီမုတ်စ ပစ္စည်းအရာဝတ္ထုတွေကို တစ်ခုချင်းကောက်ယူ အထုပ်ကြီးထဲကို ပြန်ထည့်ပြီးရင် သူ့ခေါင်းပေါ်ရွက်သွားပြီး တစ်နေရာကို ဆက်လက်ထွက်ခွာသွားတာပါ။ မှန်ပါတယ်။ အဲဒီဝတ္ထုဟာ ကျွန်တော်နှစ်သက်မိတဲ့ဝတ္ထု။ ဒါကြောင့် ကျွန်တော်ဟာ 'ဒါအကုန်ပဲလား' ဆိုတဲ့ဝတ္ထုတစ်ပုဒ်ကို ရေးနိုင်ခဲ့ပါတယ်။ ဒါဟာ ဆရာဇော်ဇော်အောင်ရဲ့ စာပေအနုပညာဖန်တီးမှု အတတ်ပညာ ကျွန်တော့်အပေါ် အကျိုးသက်ရောက်မှုရှိသည်ကို ပြောပြလိုရင်းပါ။ ကောလိပ်ဂျင်နေဝင်းရဲ့ သမီးကလေးသီချင်းဆက်ဆိုပါဆိုပြီး ဆရာဟာ 'ဟေမာနေဝင်းသီချင်းကဗျာ' ကို ရေးခဲ့ပါသေးတယ်။ ကျွန်တော်တို့ လူငယ်ဘဝက နှစ်ခြိုက်စွဲလမ်းခဲ့ရပုံတွေလေ။ ဟေမာနေဝင်းသီချင်းတွေကြားရတိုင်း ဆရာ့ကို မကြာမကြာသတိရမိသလို ဟေမာနေဝင်းဟာ အောင်မြင်တဲ့ အဆိုကျော်တစ်ယောက်ဖြစ်သွားခဲ့ပါတယ်။ ဆရာ့ရဲ့ ဝေဝေရီရီဝတ္ထုကို ကျွန်တော် ဖတ်ရချိန်မှာ ကျွန်တော်ဟာ သားသမီးသုံးဦးရဲ့ ဖခင်ဖြစ်နေပါပြီ။ ဆရာ့ရဲ့ ဝေဝေရီရီဝတ္ထုဟာ အချစ်ဝတ္ထုတစ်ပုဒ်ပါ။ ကျွန်တော် အသက် ၅၀ ကျော်ခဲ့ပြီဖြစ်ပေမဲ့၊ သားသမီးသုံးယောက်ဖခင်

mgyoe.com